# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ တနင်္လာနေ့ (1-12-2014) (၈၀၄၁)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရိုမေးနီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁**

ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံ သမ္မတ မစ္စတာ ထရာယန်၊ ဘာဆက်စ်ကူ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ-ဗိုင်အိုရယ်လ်ပွန်တာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာ-ဂျပန် သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့်မြောက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁** ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၆၀) ပြည့်မြောက်သော ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ထို့အတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးထံမှလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ အပြန်အလှန်ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**



## မြန်မာနိုင်ငံ၏ ပထမဆုံးဖြစ်သည့် ပေါင်းလောင်းမြေအောက်ရေအားလျှပ်စစ်စက်ရုံသို့ နော်ဝေနိုင်ငံမှ လျှပ်စစ်ဆိုင်ရာပညာရှင်များ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နော်ဝေနိုင်ငံ Norwegrian Renewable energy partners (INTPOW)မှ အဖွဲ့ဝင် ၄၁ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် ပေါင်းလောင်းမြေအောက်ရေအားလျှပ်စစ်ဓာတ်အားပေးရုံသို့ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် လာရောက်လေ့လာခဲ့ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနား နေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် မီဒီယာသမားများအနေဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ရန်ဖြစ်ပြီး ကိုယ်ရေးအချက်အလက် (အကျဉ်း) ပတ်စ်ပို့ဓာတ်ပုံသုံးပုံနှင့်အတူ ပေးပို့ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆၊ ဖက်(စ်) ၀၆၇-၄၁၂၁၂၄၊ emil-adnews2014@gmail. com သို့လည်းကောင်း၊ ပြည်တွင်းစာနယ်ဇင်းများအနေဖြင့် ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၈၇၊ email-myintkyaw103@gmail.com သို့လည်းကောင်း ဆက်သွယ်ပေးပို့ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြထားပါသည်။**

## ဗန်းမော်၌ ကချင်ရိုးရာကောက်သစ်စားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဗန်းမော် နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ခရိုင်ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးစီးကျင်းပသည့် ဆောင်းရာသီကာလ အေးမြသောဆောင်းနှင့် မြူအကြား (၄)ကြိမ်မြောက် ကချင်ရိုးရာကောက်သစ်စားပွဲနှင့် ရိုးရာရုံးသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက နှစ်မိုင် အောင်သာ မနောကွင်း၌ ကျင်းပသည်။ အဆိုပါပွဲတော်သို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ငွေကျပ်သိန်း ၁၀၀ လှူဒါန်းကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ဗန်းမော်ခရိုင် ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးလဝမ်၊ ဦးနော်တောင်၊ ဦးဂွန်ဇော်ဒွဲ၊ ဦးလဂေါ်လဂျာတို့က ရုံးရာရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ရုံးသစ်အဆောက်အအုံမှာ အလျားပေ ၉၀၊ အနံ ၂၄ ပေ၊ အုတ်ညှပ်တစ်ထပ်ဖြစ်ပြီး ငွေကျပ် ၃၃၇ သိန်း ကုန်ကျကြောင်း သိရသည်။

ကချင်တိုင်းရင်းသူလေးများ၏ ထောင်ကာအကအဖွဲ့ ရှစ်ဖွဲ့ယှဉ်ပြိုင်ကပြကြရာ ဆုရရှိသည့်အဖွဲ့များအား ခရိုင်အုပ်ချုပ်ရေးမှူး၊ ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးရေးနှင့် လူငယ်များ၏ စင်တင်တေးဂီတအဖွဲ့မှ ကချင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **နန်းရီ(ဥပဒေ)**






ကြေးမုံ စာတည်းရေးထောင့် **၁-၁၂-၂၀၁၄၊ တနင်္လာနေ့**

# ကမ္ဘာ့အလယ်တွင်ဝင့်ထည်

ကျွန်ုပ်တို့မြန်မာလူမျိုးများ ယခုအခါ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ပြီဖြစ်သည်။ တစ်နည်းဆိုရလျှင် ကမ္ဘာတွင် မြန်မာကို ပိုမိုသိရှိလက်ခံလာကြပြီဟု ဆိုချင်ပါသည်။

တစ်ချိန်သောအခါက သာမန်ကမ္ဘာ့ပြည်သူများအား မြန်မာဟု ပြောဆိုခဲ့လျှင် မည်သည့်ဒေသ မည်သည့်အရပ်က မည်သူနည်းဟု မေးတတ်ကြသည်။ ထိုအခါ အိန္ဒိယနှင့် တရုတ်နိုင်ငံကြီးကြားက နိုင်ငံတစ်နိုင်ငံ၏လူမျိုးပါဟု ပြောပြ၊ ရှင်းပြကြရသည်။

ယခုထိုသို့မဟုတ်တော့ပြီ မြန်မာဟုဆိုလျှင် နိုင်ငံတိုင်းကသိနေကြသည်၊ လူမျိုးတိုင်းက နားလည်ကြသည်။ ထိုသို့သိရှိနားလည်လာကြရာတွင် ၂၀၁၄ ခုနှစ်သည် ပိုမိုထူးကဲသည်ဟုဆိုချင်ပါသည်။ အစောပိုင်းတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်များကြောင့် ကမ္ဘာက မျက်စိဖွင့်၊ နားစွင့်ရှိလာခဲ့သည်ဟု ဆိုနိုင်သည်။

တိုတောင်းလွန်းသော အချိန်ကာလအတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ အခြားဒီမိုကရေစီအသွင်ကူးပြောင်းသော နိုင်ငံများနှင့်မတူ တစ်မူထူးကဲ၍ သိသာထင်ရှားသော အရွေ့များဖြင့် ပြောင်းလဲဖော်ဆောင်လာသည်။ ထိုမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင်မူ ကမ္ဘာတွင် မြန်မာဟော့ဟု ကြွေးကြော်လောက်သည့် ဂုဏ်အင်များ ရှိလာခဲ့သည်။

ယင်းမှာ "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"ဟူသည့် ဆောင်ပုဒ်ကို အပြောမဟုတ် အလုပ်ဖြင့် လက်တွေ့သက်သေပြနိုင်ခဲ့သောကြောင့်ဖြစ်သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှအစပြု၍ နိုင်ငံအဆင့်ဖိတ်ခေါ်ပြိုင်ပွဲများနှင့် ကမ္ဘာ့ဖလားဝင်ခွင့်တို့တွင် မြန်မာ့အားကစားသည် အောင်လံတလူလူ လွှင့်ထူနိုင်ခဲ့သလို ပရိသတ်နှင့် အားကစားသမားများ၏ စွမ်းဆောင်ရည်များမှာလည်း ဂုဏ်တင်အသိအမှတ်ပြုစရာများ ဖြစ်လာခဲ့သည်။

နောက်တစ်မျိုးမှာမူ ကမ္ဘာက အာရုံစိုက်စေမည့် ခေတ်အဆက်ဆက်ရှေးဟောင်းအမွေအနှစ်များကို တန်ဖိုးထားဖော်ထုတ်၊ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ပညာရှင်များ၊ ပြည်သူများ၏ အကျိုးကျေးဇူးကြောင့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့မြို့ဟောင်းကြီးများ၊ အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ မပျောက်မပျက်ဘဲ မျက်ဝါးထင်ထင်တွေ့လာသောကြောင့်ဖြစ်သည်။ ထို့အပြင် ရှေးအကျဆုံး မြို့ဟောင်းများကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ သွင်းနိုင်ခဲ့ခြင်းလည်း ပါဝင်သည်။

နောက်ထူးကဲမှုတစ်မျိုးမှာ ၂၀၁၄ ခုနှစ် တစ်နှစ်တာလုံး မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ရယူခဲ့ပြီး အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်အတူ လက်တွဲကာ အရေးကြီးအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့သောကြောင့်ဖြစ်သည်။ ထိုသို့ဦးစီးဦးဆောင်ပြု ဆောင်ရွက်နိုင်မှုများကို အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ ပြည်ပနိုင်ငံများက ချီးကျူးထောက်ခံအားပေးခဲ့ကြသည်ကို တွေ့ရသည်။

ယင်းသို့ ဂုဏ်တင့်ဖွယ်ရာများကို မြန်မာနိုင်ငံက အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ အဖွဲ့အစည်းတစ်ခုကောင်း၊ အစိုးရတစ်ခုကောင်းဖြင့် ဆောင်ကြဉ်းခဲ့ခြင်းမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု၊ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှု၊ မြန်မာဟူသော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှိမှုများကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ပို၍ထင်ရှားလာသည်မှာ ထိုထိုသော အခင်းအကျင်းများကို ပြည်တွင်း၊ ပြည်ပမီဒီယာများမှတစ်ဆင့် အကောင်းမြင်အပြုသဘော ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဝေပေးနိုင်ခြင်းလည်းပါဝင်သည်။

ဤကဲ့သို့ အစိုးရနှင့်ပြည်သူ လက်တွဲညီညီ ပေါင်းစည်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် မြင့်တင်နိုင်ပြီဖြစ်၍ မြန်မာကို ကမ္ဘာကအသိအမှတ်ပြုလာခဲ့ပြီ၊ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ပြီ။ ထိုဂုဏ်ဒြပ်များနှင့် အောင်မြင်မှုရလဒ်များအား နောင်လာနောက်သားတိုင်းအတွက် အတုယူဖွယ်ရာ စံနမူနာကောင်းတစ်ခုအဖြစ် နောင်နှစ်ပေါင်းများစွာတိုင်အောင် ရှင်သန်ဖြစ်ထွန်းစေရန် ဆက်လက်ကြိုးပမ်းအားထုတ်ကြဖို့ ဆန္ဒပြုပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ကျောက်တန်း နိုဝင်ဘာ ၃၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နှင့် တံတားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(ဓဲပုံ)**

**(ကြေးမုံ)**




## အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော်အကြို တေးဂီတဖျော်ဖြေပွဲ ရွှေပြည်သာ၌ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့ မိုင်ဒါကွင်း၌ ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် ကျင်းပမည့် အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော်အကြိုလှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ တီးခတ်ဖျော်ဖြေသော တေးဂီတပွဲကို နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီက ရွှေပြည်သာမြို့နယ် အထက(၁)ကျောင်းဝင်းအတွင်းရှိ ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို လုပ်ငန်းဆောင်ရွက်မှု ဒါရိုက်တာ ဦးအောင်ကိုမြင့်၏ ဦးဆောင်မှုဖြင့် MILI MUSIC BAND မှ တီးခတ်ပေးခဲ့ပြီး မသန်စွမ်းအနုပညာရှင်များ၏ လှပသောတေးသွားများကို ည ၁၀ နာရီအထိ ခံစားနားဆင်ခွင့်ရခဲ့ကြသည်။ ပရိသတ် ၃၀၀ ခန့် တက်ရောက်ခဲ့ပြီး အဖွဲ့အစည်းများနှင့်လူတစ်ဦးချင်းစီက ဆုငွေများ၊ ပန်းကုံးများချီးမြှင့်ခဲ့ကြသည်။ ဆုရငွေ၊ ပန်းကုံးများ၊ တေးစီးရီးအခွေနှင့် မဂ္ဂဇင်းများရောင်းချရငွေ ၂၅ သိန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

**ကိုမိုး(ရွှေပြည်သာ)**

Japan Myanmar Pwe Taw
ဂျပန် - မြန်မာ ပွဲတော်
2014.12.6(Sat), 7(Sun)
14:00-22:30 | Free! (2 Days)
အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေထွင့်နတင် (Sky Star Hotel အနီး)၊ တာမွေ။
ဝင်ကြေးအခမဲ့
လူကြီး ၊ လူငယ်မရွေး ပါဝင်ပျော်ရွှင်နိုင်ပါသည်။
ဂျပန် - မြန်မာပွဲတော်ကျင်းပရေးကော်မတီ
jmpt.mbc.mm@gmail.com
စိုင်းစိုင်းခမ်းလှိုင် ၊ လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေ၊ နီနီခင်ဇော်၊ Bobby Soxer ၊ နန်းမြတ်ဖြူသင်း ၊ နန်းသူဇာ အစရှိသော နာမည်ကြီး အနုပညာရှင်များ၏
ဖျော်ဖြေမှုများနှင့်အတူ ဂျပန်ဖျော်ဖြေတင်ဆက်မှု DRUM TAO အဖွဲ့၏ထူးခြားဆန်းကြယ်သော တင်ဆက်မှုများကို Japan ရိုးရာစားသောက်ဖွယ်များ စားသုံးပြီး အခမဲ့ရှုစားရန် ကြွလှမ်းခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

# နော်ဝေနိုင်ငံ ပဉ္စမမြောက်ဘုရင်နှင့် မိဖုရား ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန်　　နိုဝင်ဘာ　　၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံ ပဉ္စမမြောက်ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၃၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် နော်ဝေနိုင်ငံ ပဉ္စမမြောက်ဘုရင်နှင့် မိဖုရားတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံဆိုင်ရာနော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms.Ann Ollestad၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

**(သတင်းစဉ်)**



# ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁**

ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောဂ်ဒန် အော်ရက်စကူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**




# နော်ဝေနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် ရေလုပ်ငန်းဝန်ကြီး တယ်လီနောအရောင်းပြခန်းအား ကြည့်ရှုစစ်ဆေး

**ရန်ကုန်　　နိုဝင်ဘာ　　၃၀**

နော်ဝေနိုင်ငံကုန်သွယ်ရေး၊ စက်မှုနှင့်ရေလုပ်ငန်းဝန်ကြီး H.E.Ms. Monica Maeland သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ၁၁ လမ်းထိပ်ရှိ တယ်လီနောအရောင်းပြခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက တယ်လီနောဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အခြေအနေ၊ တယ်လီနောမိုဘိုင်းဖုန်းဆင်းကတ်များ၊ ဟန်းဆက်များ နေ့စဉ်ရောင်းချရမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကုန်သွယ်ရေး၊ စက်မှုနှင့်ရေလုပ်ငန်းဝန်ကြီးသည် တယ်လီနောအရောင်းပြခန်းအနီးရှိ တယ်လီနောမိုဘိုင်းဖုန်းဆင်းကတ်နှင့် ဟန်းဆက်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။**(ဝဲပုံ)**

**(သတင်းစဉ်)**

# အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ ညီလာခံကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှကြီးမှူး၍ (၁၆)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များ ညီလာခံကို ဒီဇင်ဘာ ၅ ရက်တွင် အမှတ်(၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသော ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်မည့် ဆရာဝန်များသည် ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ဆရာဝန်အသင်း)**

# ဂျပန်-မြန်မာယဉ်ကျေးမှုပွဲတော် ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန်　　နိုဝင်ဘာ　　၃၀**

ဂျပန်စတိုင် ယဉ်ကျေးမှုပွဲတော်များကို မြင်တွေ့ရမည့် ဂျပန်-မြန်မာပွဲတော်ကို ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ရွှေထွဋ်တင်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ နွေရာသီပွဲတော်များကို ကြည့်ရှုလေ့လာရင်း ပင်မစင်မြင့်ထက်မှ ဂျပန်နှင့်မြန်မာနိုင်ငံ ဂီတအနုပညာရှင်များ၏ စီစဉ်တင်ဆက်မှုများကို ခံစားအားပေးနိုင်ရန် ပွဲတော်များကို မွန်းလွဲ ၂ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး ညနေ ၆ နာရီမှစ၍ ပင်မစင်မြင့်ထက် သီဆိုဖြေဖျော်မှုများကို တင်ဆက်သွားမည်ဖြစ်ပြီး ဝင်ခွင့်အခမဲ့ပွဲဖြစ်၍ ဆက်ဆက်လာရောက် အားပေးကြပါရန် ဂျပန်-မြန်မာပွဲကျင်းပရေးပွဲမှ သိရသည်။ ကျော်ထွဋ်ဆွေ၊ လွှမ်းပိုင်၊ နန်းသူဇာ၊ နန်းမြတ်ဖြိုးသင်း၊ Bobby Soxer တို့ပါဝင်သီဆိုကြမည်ဖြစ်သည်။

ENJOY "KARAOKE" STAGE! KARAOKE GONGSHOW ပါဝင်ဆင်နွှဲသူ များအားလုံးကို စုစည်းပြီး မဲနှိုက်ကာ ကံစမ်းမဲဖောက်မည် ဖြစ်သည်။ နံပါတ်တစ်ကာရာအိုကေစက် [DAM]၏ စနစ်ကိုအသုံးပြုပြီး တေးသံများအားလုံး သီဆိုလာခဲ့သူကို JMP Original T-Shirt အား လက်ဆောင်အဖြစ်ပေးအပ်မည် ဖြစ်သည်။ COSPLAYKARAOKE CONTEST အရည်အချင်းစစ်ပြိုင်ပွဲ COSPLAY ပါဝင်တင်ဆက်သူများကို မဲနှိုက်၍ရွေးချယ်မည်ဖြစ်သည်။ နံပါတ်တစ် ကာရာအိုကေစက်[DAM]၏ အမှတ်ပေးစနစ်ဖြင့် ထိပ်တန်းသုံးဦးကို ဖိုင်နယ်ပြိုင်ပွဲသို့ တက်ရောက်စေမည် ဖြစ်သည်။

ဖိုင်နယ်ပြိုင်ပွဲတွင် တက်ရောက်ရသူများအတွက် ဆုပစ္စည်းမှာ JMP Original T-Shirt များဖြစ်သည်။ ထို့အပြင် ပင်မစတိတ်စင်တွင် ကျင်းပသော ဖိုင်နယ်ပြိုင်ပွဲအထိအနိုင်ရရှိခဲ့ပါက အထူးစီစဉ်ထားသော ဆုပစ္စည်းများအား လက်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

**မင်္ဂလာကုမ္ပဏီလီမိတက်**

**ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ပြည်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း - ၂၄၆၇၆၂၊ ၂၄၆၇၆၃**

**(ပြည်တွင်းဉာဏခန့်ထားရန်)**

**(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာသတ်မှတ်ပေးပါမည်။)**

**(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးအတွက်ကိုကုမ္ပဏီမှစရိတ်ငြိမ်းစီစဉ်ပေးပါမည်။)**

၁။ မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ပြည်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(က) မန်နေဂျာ/ဒု-မန်နေဂျာ　ကျား　(၅)ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ(စီမံ/ကြီးကြပ်)(ပြသ)　ကျား/မ　(၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြစက်　ကျား　(၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက်ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့ စဉ်းစားပေးမည်။

(ဃ) တန်းပြ၊ ရောင်း/သိမ်း　ကျား/မ　(၁၀)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(င) မုန့်ဆိုင်အရောင်း　ကျား/မ　(၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(စ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း　ကျား　(၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများဦးစားပေးမည်။

(ဆ) သန့်ရှင်းရေး　ကျား/မ　(၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဇ) ထမင်းချက်　မ　(၃)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဈ) ယာဉ်မောင်း (Driver)　ကျား　(၃)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။
- ကားကြီး၊ ကားလေးမောင်းနိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီးမူးယစ်ဆေးဝါးနှင့်မူးယစ်ဆေးစွဲသူမဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး (Office Secretary)　ကျား/မ　(၄)ဦး
- အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေး၊အဖတ်ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) ကွန်ပျူတာကျွမ်းကျင်သူ　ကျား/မ　(၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဂ) စာရင်းကိုင်/စာရင်းစစ်　ကျား/မ　(၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဃ) ဟိုတယ်ဧည့်ကြို (Receptionist)　ကျား　(၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေးနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(င) Hotel Waiter　ကျား　(၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(စ) Housekeeping　ကျား/မ　(၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဆ) Hotel Cook/ Assistant Cook　ကျား　(၂)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် (၅ - ၁၂ - ၂၀၁၄) ရက်နောက်ဆုံးထား၍ ပတ်စပို့ဓါတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊သိမ်ကြီးဈေး (D) ရုံ ရွှေတိဂုံဘုရားလမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(စနေနေ့နှင့်တနင်္ဂနွေနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)
(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter, Housekeeping,Hotel Cook, စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား (၆ - ၁၂ - ၂၀၁၄) ရက် (စနေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း။
- လ/ထမန်နေဂျာ၊ တန်းပြ၊ မုန့်ဆိုင်အရောင်း၊ လုံခြုံရေး ကားပါကင်၊ ယာဉ်မောင်း (Driver) ထမင်းချက်၊ သန့်ရှင်းရေး ဝန်ထမ်းလျှောက်ထားသူများအား (၇ - ၁၂ - ၂၀၁၄)ရက် (တနင်္ဂနွေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

**(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ရန်ကုန်မြို့။)**

# အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါတို့သည် ကြီးမားသော စိန်ခေါ်မှုဖြစ်ကြောင်း အိန္ဒိယထောက်လှမ်းရေးအဖွဲ့ ဆို

**ဂူဝါဟာတီ နိုဝင်ဘာ ၃၀**

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့နှင့် အယ်လ်ခိုင်ဒါ အဖွဲ့တို့သည် အိန္ဒိယနိုင်ငံအတွက် ပြင်းထန်သောစိန်ခေါ်မှု များဖြစ်ကြောင်း အိန္ဒိယထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြား ရေးမှူး အေစစ်အီဘရာဟန်က တနင်္ဂနွေနေ့တွင် ပြောကြား လိုက်သည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၏ လုံခြုံရေးအခြေ အနေမှာ စိုးရိမ်စရာဖြစ်သည်ဟု အီဘရာဟန်က ဖြည့်စွက် ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီး ရာနတ်၊ အရှေ့မြောက်ပိုင်း ပြည်နယ် များမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ရဲတပ်ဖွဲ့အရာရှိကြီးများ အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အစိုးရက လူငယ်များ အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက် သွားမည်ကို စိုးရိမ်လျက်ရှိသည်။

အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများသည် အိန္ဒိယနိုင်ငံအတွက် သိသာထင်ရှားသော အန္တရာယ်များ ဖြစ်သည်ဟု ရာနတ်က ပြောကြားခဲ့သည်။ ကျွန်တော်တို့ အနေနဲ့ လူငယ်တွေ လမ်းမှားလိုက်ပြီး အကြမ်းဖက် အဖွဲ့အစည်းထဲကို ဝင်သွားမှာကိုမလိုလားပါဘူး။ အယ်လ်ခိုင်ဒါရဲ့ အနှောင့်အယှက် ကြောင့် အိန္ဒိယနိုင်ငံဟာ အစ္စလာမ္မစ်နိုင်ငံဖြစ်သွားမှာကို မလိုလားပါဘူးဟု ၎င်းက အဆိုပါအခမ်းအနားတွင် ပြောကြားလိုက်သည်။

အိန္ဒိယ အမျိုးသားထောက်လှမ်းရေးအေဂျင်စီ၏ တရားရုံးက အီရတ်နှင့် ဆီးရီးယားတွင် အိုင်အက်စ်များအား လူသစ်စုဆောင်းပေးသူဟု သံသယရှိသော အာရစ်မဂျစ် ကို ဖမ်းဆီးခဲ့သည်။

**(ပီတီအိုင်)**



# ဖာဂူဆန်မြို့မှ ရဲအရာရှိ ရာထူးမှနုတ်ထွက်

**ဖာဂူဆန် နိုဝင်ဘာ ၃၀**

အမေရိကန်နိုင်ငံ ဖာဂူဆန်မြို့တွင် ဆယ်ကျော်သက်အရွယ် လူမည်းတစ်ဦးအား သေနတ်ဖြင့်ပစ်သတ်ခဲ့သော လူဖြူရဲအရာရှိက သူ၏ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ၎င်း၏ရှေ့နေကပြောသည်။

'နုတ်ထွက်ဖို့ဆိုတာ ခက်ခဲတဲ့အလုပ်ပါ။ ဒါပေမယ့် ကျွန်တော့်ကြောင့် အခြားမဆိုင်တဲ့သူတွေ ဘေးဒုက္ခရောက်ရမှာကို ကျွန်တော်မလိုလားဘူး' ဟု ရဲအရာရှိဒါရန်ဝေဆန်က သတင်းဌာနတစ်ခုကို ပြောခဲ့သည်။

တရားသူကြီးက ယင်းအမှုနှင့် ပတ်သက်၍ အပြစ်မရှိကြောင်း တရားရုံးတွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အချိန်မှစပြီး ဖာဂူဆန်မြို့နှင့် အခြားအနီးပတ်ဝန်းကျင်ရှိမြို့များ၌ ဆူပူသောင်းကျန်းမှုများ အဆက်မပြတ်ဖြစ်ပွားခဲ့သည်။

ဩဂုတ် ၉ ရက်နေ့ကဖြစ်ပွားခဲ့သော လူမည်းတစ်ဦးအား လူဖြူရဲအရာရှိက သေနတ်ဖြင့် ပစ်သတ်မှုနှင့် ပတ်သက်၍ တရားရုံး၏ဆုံးဖြတ်ချက်ကို မကျေနပ်သည့် လူမည်းလူ့အဖွဲ့အစည်းများက ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြသည်။

'ကျွန်တော်ဝန်ထမ်းအဖြစ် ဆက်လက်ရှိနေမယ်ဆိုရင် ဒေသခံတွေနဲ့ ဖာဂူဆန်မြို့ရဲတပ်ဖွဲ့ဝင်တွေကို ဒုက္ခဆိုးကျိုးများဆီသို့ တွန်းပို့သလိုဖြစ်နေလိမ့်မယ်။ ကျွန်တော့်ကြောင့် မည်သူ့ကိုမှ ဒုက္ခမရောက်စေချင်ပါဘူး'ဟု ရဲအရာရှိ ဝေဆန်က ၎င်း၏နုတ်ထွက်စာတွင်ရေးသား ဖော်ပြခဲ့သည်။ ဝေဆန်၏နုတ်ထွက်မှုသည် အမှန်တကယ်အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း ၎င်း၏ရှေ့နေက ပြောကြားခဲ့သည်။

အာဖရိကန်-အမေရိကန် လူ့အဖွဲ့အစည်းက ရဲအရာရှိဝေဆန်အား သေဒဏ်စီရင်ရန် တောင်းဆိုခဲ့သော်လည်း လူဖြူ ကိုးဦးနှင့် လူမည်း သုံးဦးပါ တရားသူကြီးအဖွဲ့က သုံးလတိုင်တိုင်သုံးသပ် ဆင်ခြင်ပြီးနောက် အပြစ်မရှိကြောင်း ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

**ဘီဘီစီ။**

# အများပြည်သူအကြား စီးကရက်သောက်ခြင်း ပေကျင်းတွင် ပိတ်ပင်တော့မည်

**ပေကျင်း နိုဝင်ဘာ ၃၀**

တရုတ်နိုင်ငံ မြို့တော်ပေကျင်းမှ တာဝန်ရှိသူများ စတင်အကောင်အထည်ဖော်လျက်ရှိသည့် အစီအစဉ်များ အရ အများပြည်သူတို့နှင့်ဆိုင်သော အဆောက်အအုံများ အတွင်း၌ စီးကရက်သောက်ခြင်းကို ပိတ်ပင်တော့မည်ဖြစ် ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

စီးကရက်ကြော်ငြာများကိုလည်း အလားတူ ပိတ်ပင် တော့မည်ဖြစ်သည်။ အများပြည်သူတို့အတွက် သယ်ယူ ပို့ဆောင်ရေးယာဉ်များ၊ ရုပ်ရှင်ဇာတ်ကားများ၊ မဂ္ဂဇင်းများ နှင့် သတင်းစာများတွင် ကြော်ငြာခွင့်ရရှိတော့မည်မဟုတ် ပေ။

တရုတ်နိုင်ငံ၌ ဆေးလိပ်သောက်သူ သန်း ၃၀၀ ခန့် ရှိမည်ဟု ခန့်မှန်းသည်။ ယခင်က ဆေးလိပ်သောက်ခြင်း ကို ပိတ်ပင်တားဆီးရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။

လာမည့်ဇွန်လတွင် စတင်အသက်ဝင်မည့်ဥပဒေသည် ကနဦးတွင် မြို့တော်ပေကျင်းအတွက်သာ ဖြစ်သေးသည်။ သို့သော်လည်း လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသောနိုင်ငံ၏ ကျန်ဒေသများတွင်လည်း အာဏာသက်ဝင်လာမည်ဖြစ် သည်။

အစီအစဉ်များအရ ဘတ်စ်ကားများပေါ်တွင်လည်း ကောင်း၊ အလုပ်ခွင်အတွင်း၌ လည်းကောင်း၊ ကျောင်း သို့မဟုတ် ဆေးရုံများအနီးတွင်လည်းကောင်း ဆေးလိပ် သောက်ခွင့် ပြုမည်မဟုတ်ပေ။

နှစ်စဉ်နှစ်တိုင်း ဆေးလိပ်သောက်သုံးခြင်းနှင့် ဆက်နွှယ်လျက်ရှိသည့်ရောဂါများကြောင့် တရုတ်လူမျိုးများ သေဆုံးရခြင်းကို ဤအစီအစဉ်က ကယ်တင်ပေးနိုင်မည် ဖြစ်ကြောင်း ဘီဘီစီသတင်းထောက်က ပြောသည်။

သို့သော် ယခင်က တားမြစ်ပိတ်ပင်ခဲ့သော ဥပဒေများ ကို လျစ်လျူရှုခဲ့ကြသည်ဟု ၎င်းက ထပ်မံပြောကြား သည်။

**ဘီဘီစီ။**



# လေးနှစ်ကြာပျောက်ဆုံးနေသော ကလေးငယ် အသက်ရှင်လျက်ပြန်တွေ့

**အတ္တလန်တာ နိုဝင်ဘာ ၃၀**

လေးနှစ်ကြာပျောက်ဆုံးနေသော အသက် (၁၃)နှစ်အရွယ် ကလေးငယ် တစ်ဦးအား အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ အတ္တလန်တာမြို့၌ရှိသော အိမ်တစ်အိမ်၏ နံရံအနောက်တွင် ရဲအရာရှိများက ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ကလေးငယ်က သူဘယ်နေရာတွင် ပုန်းအောင်းနေသည်ကို မိဘများထံ အကြောင်းကြားခဲ့သော်လည်း မိဘများကရဲတပ်ဖွဲ့သို့ အသိပေးရန်ကြန့်ကြာနေ ခဲ့သည်။ ရဲအရာရှိများက ကလေးငယ်အားသွားရောက်ခေါ်ဆောင်လာကာ မိဘများထံပို့ဆောင်ပေးခဲ့သည်။ သူ၏မိဘများကို ကလေးငယ်အပေါ် အကြင်နာတရား ခေါင်းပါးခြင်းတို့ကြောင့် ဖမ်းဆီးထားသည်။

ကလေးငယ်အား ပြန်လည်မတွေ့ရှိသေးသည့် ရက်အနည်းငယ်က ရဲအရာရှိများက ၎င်းတို့နေအိမ်သို့ သွားရောက်စစ်ဆေးမေးမြန်းခဲ့ရာ ဖခင်နှင့် မိထွေးတို့က ကလေးနှင့်ပတ်သက်ပြီး မည်သည့်အဖြေကိုမျှ ပြန်လည်ပြောကြား ခြင်းမရှိခဲ့ပေ။

ပျောက်ဆုံးနေစဉ်အတွင်း ကလေးငယ်ကို အိမ်နီးချင်းများက ဂိုဒေါင်ထဲ တွင် ဆော့ကစားနေသည်ဟု ထင်မြင်ခဲ့ကြောင်းနှင့် အိမ်တွင်စာသင်နေရသည့် ကလေးဟုသာ ယူဆခဲ့ကြသည်။ ကလေးငယ်၏မိခင်သည် ကလေးပျောက်ဆုံး နေကြောင်းကို ကလေးများသက်သာချောင်ချိရေးအဖွဲ့ထံသို့ အကြောင်းကြား ခဲ့ပြီး ရဲတပ်ဖွဲ့ထံသို့ အကြောင်းကြားထားခြင်းမရှိခဲ့ကြောင်း သိရသည်။

**ဘီဘီစီ။**

# ကိုဘာနီမြို့တွင် အိုင်အက်စ်တပ်ဖွဲ့ ၅၀ ခန့် ကျဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၃၀**

အမေရိကန်ဦးဆောင်သည့် အကြမ်းဖက်တိုက်ဖျက်ရေးညွန့်ပေါင်းတပ်ဖွဲ့များနှင့် ကာ့ဒ်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် တူရကီနယ်စပ်တွင် လွန်ခဲ့သည့် သီတင်းပတ်အတွင်း အိုင်အက်စ်တပ်ဖွဲ့ဝင် ၅၀ ခန့် ကျဆုံးသွားခဲ့ကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ကျဆုံးသွားသည့် အိုင်အက်စ်တပ်ဖွဲ့ဝင် ၅၀ မှာ ဆီးရီးယားနိုင်ငံမြောက်ပိုင်း တူရကီနယ်စပ် ကိုဘာနီမြို့တွင် စနေနေ့ကဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း ကျဆုံးသွားခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။ အိုင်အက်စ်တပ်ဖွဲ့ဝင်ငါးဦးမှာ အသေခံဗုံးခွဲ တိုက်ခိုက်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ အိုင်အက်စ်တပ်ဖွဲ့များက စနေနေ့တွင် ကိုဘာနီမြို့သို့ မော်တာကျည်ဆန် ၁၆၀ခန့် ပစ်ခတ်ခဲ့သည်ဟု အဆိုပါအဖွဲ့က ဆက်လက်ပြောကြားသည်။

အိုင်အက်စ်တပ်ဖွဲ့များက ကိုဘာနီမြို့နှင့် အနီးတစ်ဝိုက်ရှိ ရွာငယ်ပေါင်းတစ်ရာခန့်ကို သိမ်းပိုက်ထားမှုကြောင့် လူပေါင်း ၁၆၀၀၀၀ ခန့်သည် အိမ်နီးချင်း တူရကီနိုင်ငံတွင်းသို့ ဝင်ရောက်ခိုလှုံနေကြရသည်။

**ဆင်ဟွာ။**

# ဒေးဗစ်ဘက်ခမ်းတို့သားအဖ ယာဉ်တိုက်မှုဖြစ်

**လန်ဒန် နိုဝင်ဘာ ၃၀**

အင်္ဂလန်နာမည်ကျော် ဘောလုံးသမားဟောင်း ဒေးဗစ်ဘက်ခမ်းနှင့် ၎င်း၏အကြီးဆုံးသား ဘရွတ်ကလင်းတို့သည် စနေနေ့က ယာဉ်တိုက်မှုတစ်ခုတွင် ပါဝင်ခဲ့ကြသည်ဟု ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြကြသည်။

ဘက်ခမ်းက အသက် (၁၅)နှစ်ရှိ ဘရွတ်ကလင်းကို ဟတ်ဖို့ဒ်ရှိုင်းယားရှိ အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးကွင်းအပြင်ဘက် ဘောလုံးပြိုင်ပွဲတစ်ခုမှ ကြိုလာပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုတွင် ၎င်းတို့သားအဖ နှစ်ဦးစလုံး ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပေ။

ဘက်ခမ်း၏ အော်ဒီကားတွင်ပါရှိသည့် လေအိတ်များက ထိထိရောက်ရောက် အသုံးဝင်ခဲ့သော်လည်း ယာဉ်မောင်းသူဘက်ခြမ်းတွင် ပျက်စီးသွားခဲ့သည်။



မန်ယူနှင့် ရီးယဲလ်မက်ဒရစ် ကြယ်ပွင့်ဟောင်း ဒေးဗစ်ဘက်ခမ်း၏ သားများဖြစ်သည့် ဘရွတ်ကလင်း၊ ရိုမီယို (၁၂)နှစ်နှင့် ခရုဇ် ကိုးနှစ်တို့သည် အာဆင်နယ်လူငယ်အသင်းများတွင် ကစားလျက်ရှိသည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# ဒဂုံ(မြောက်) ၅၀ ကွေ့မှ မင်္ဂလာဈေးအထိ ယာဉ်လိုင်းသစ် အဓိပတိ(အဖြူ-၂)စတင်ပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဒဂုံမြို့သစ်(မြောက်ပိုင်း)နေပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် အဓိပတိ(အဖြူ)ယာဉ်လိုင်းမှခွဲထွက်၍ အဓိပတိ(အဖြူ-၂) ယာဉ်လိုင်းကို ဒီဇင်ဘာ ၁ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်သည်။**(အောက်ပုံ)**

အဆိုပါယာဉ်လိုင်းသစ် စမ်းသပ်ပြေးဆွဲသည့်အနေဖြင့် နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ခရီးသည်များအား အခမဲ့ဖြင့်စတင်ပြေးဆွဲပြီး ဒီဇင်ဘာ ၁ ရက်တွင် ခရီးစဉ် ၈၊ ဆုံး ကျပ် ၂၀၀ သတ်မှတ်၍ ပြေးဆွဲမည်ဖြစ်သည်။

ထိုယာဉ်လိုင်းပြေးဆွဲမည့် ခရီးလမ်းကြောင်းမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၀ ကွေ့မှစတင်၍ ပြည်ထောင်စုလမ်း၊ ရေခဲဆိုင်၊ (၄၆)လမ်းဆုံ၊ ဗိုလ်မှူးဗထူးလမ်း၊ ဗထူးဈေး၊ ကျောင်းရှေ့၊ ဗိုလ်မင်းရောင်လမ်း၊ တံတားဖြူ (၄၀)ဈေး၊ ပင်လုံလမ်း၊ (၃၅)မှတ်တိုင်၊ ဘေလီတံတားထိပ်၊ သံသုမာလမ်း၊ စီမံကိန်းလိုင်စင်ရုံး၊ စံပြဈေး၊ လေးထောင့်ကန်လမ်း၊ ဘ၀မြင့်၊ ဘုရားလမ်း၊ အသင်းတိုက်၊ ကျောင်းရှေ့၊ တာမွေဗလီ၊ ကျောက်မြောင်းဈေး၊ ယုဇနပလာဇာ၊ မင်္ဂလာဈေးတွင်ဂိတ်ဆုံးပြီး မင်္ဂလာဈေးမှပြန်လည်ထွက်ခွာ၍ အလာခရီးစဉ် လမ်းကြောင်းအတိုင်း ပြန်လည်မောင်းနှင်ကာ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၀ ကွေ့တွင် ခရီးစဉ် ပြီးဆုံးကြောင်း သိရသည်။

**ဌေးအောင်(ကြေးမုံ)**





# မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၁၁) အကြီးစားစက်ရုံ(ရန်ကုန်) ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နိုဝင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်လျာထားသည့်အတိုင်းပြီးစီးရေး၊ တွေ့ကြုံရသည့်အခက်အခဲများကို တာဝန်ရှိသူများနှင့် အမြန်ဆုံးတွေ့ဆုံညှိနှိုင်းအဖြေရှာပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စီမံကိန်းပြီးစီးပါက ထုတ်လုပ်မှုလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရေး၊ ဈေးကွက်ကို ကြိုတင်လေ့လာဆောင်ရွက်ထားရှိရေး၊ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် ထုတ်လုပ်မှုစရိတ်များ လျှော့ချနိုင်ရေး၊ ထုတ်လုပ်ရေးအပိုင်းတွင်လည်း ကုန်ကျစရိတ်သက်သာစွာဖြင့် အလေအလွင့်အနည်းဆုံးအရည်အသွေးရှိသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ကြရမည်ဖြစ်ကြောင်း၊ ရောင်းချရေးအပိုင်းကိုလည်း ကျွမ်းကျင်ပိုင်နိုင်ကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သမျှ ကုန်ကျန်မရှိ ရောင်းချနိုင်အောင် Marketing ကို ကျွမ်းကျင်နေကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏သွားနေသည့် လမ်းကြောင်းနှင့် ဆောင်ရွက်နေသည့်အခြေအနေများကို သိရှိနားလည်ထားရန်နှင့် မိမိဝန်ကြီးဌာန၏ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများတိုးတက်အောင်မြင်ရေး၊ သတ်မှတ်လျာထားချက်အတိုင်းပြီးစီးရေးတို့ကို ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကြောင်း သိရသည်။

**(ကြေးမုံ)**

❑

# ရွှေကြက်ယက်ဘုရားအနီး ဧရာဝတီမြစ်သောင်ထွန်း၍ ရွှေကြက်ယက်ဝဲပျောက်ဆုံး

**အမရပူရ နိုဝင်ဘာ ၃၀**

အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားနှစ်ဆူမှာ တန်ခိုးကြီး ထင်ရှားပြီး မင်းအဆက်ဆက်ပြုပြင်မှုများ ပြုလုပ်သကဲ့သို့ပင် ဆုတောင်းပြည့် အဓိဋ္ဌာန်အောင်စေတီပင်ဖြစ်သည်။

ရွှေကြက်ယက်တွင် အခြားထင်ရှားသောအရာမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာက မိကျောင်းပေါ်ကာဘုရားကို ဦးခိုက်ခြင်းများနှင့် ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားအနီးတွင် ကျောက်မိကျောင်းဟုခေါ်သော မိကျောင်းပုံသဏ္ဌာန် ကျောက်ရုပ်ပေါ်ထွန်းခဲ့ဖူးကြောင်း သိရသည်။ ဧရာဝတီမြစ်အတွင်း ဝါးဖောင်ချသူများ၊ သစ်ဖောင်ချသူများ အထူးသတိထားရသော ဝဲတစ်ခုရှိခဲ့ဖူးသည်။ အများအားဖြင့် ရွှေကြက်ယက်ဝဲဟု ခေါ်ကြသည်။

ယခုအခါ မြစ်ကြောင်းပြောင်းလဲခြင်းနှင့် သောင်ထွန်းခြင်းများဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် ဧရာဝတီတံတား(ရတနာပုံ)အနီးနှင့် ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားအနီးတွင် သောင်ထွန်းလျက်ရှိသည်။ သဲသောင်ထွန်းမှုကြောင့် ရွှေကြက်ကျဘုရားအနီးမှ နာမည်ကြီးရွှေကြက်ယက်ဝဲမှာ ပျောက်ဆုံးသွားကြောင်း သိရသည်။ လက်ရှိကာလတွင် သောင်ထွန်းခြင်းကြောင့် ရေဝင် ရေထွက်ကောင်းကာ ရေသန့်စေရန်အတွက် ကိုယ်ထူကိုယ်ထသောင်တူးပြီး ဖောက်လုပ်ထားကြောင်း သိရသည်။ ယခုနှစ်တွင် ရွှေကြက်ယက်ဘုရားအနီး ဧရာဝတီမြစ်ကြောင်းအတွင်း သဲသောင်ထွန်း၍ နာမည်ကြီး ရွှေကြက်ယက်ဝဲမှာ ပျောက်ဆုံးသွားကြောင်း သိရသည်။

**(တိမ်တမန်)**






## ငွေကျပ်(၁၀)သိန်း ကျေးဇူးဆပ်ပါမည်

ကျွန်မပိုင်ဆိုင်သော I Pad Air (လယ်သာအနက်ရောင်စွပ်) (၁)လုံး ၂၃-၁၁-၂၀၁၄ ရက်၊ နံနက် ၇ နာရီနှင့် ညနေ ၃ နာရီအတွင်း ကျပျောက်ခဲ့ပါသည်။ ၎င်း I Pad အတွင်းတွင် တန်ဖိုးမဖြတ်နိုင်သော မိသားစုဓာတ်ပုံများ ပါရှိနေပါသဖြင့် တွေ့ရှိကောက်ရထားသူအား **ငွေကျပ်(၁၀)သိန်း** ကျေးဇူးဆပ်ပါမည်။

**ခန့်မှန်းကျပျောက်ခဲ့သောနေရာများမှာ**

(၁) တောင်ကြီးဟိုတယ်
(၂) တောင်ကြီးဟိုတယ်မှ တောင်ကြီး ဗုဒ္ဓတက္ကသိုလ်
(၃) ထိုမှ ဟဲဟိုးလေဆိပ်
(၄) ဟဲဟိုးလေဆိပ်နှင့်ဧည့်ခန်းဆောင်
(၅) ထိုမှ မြန်မာ့လေကြောင်း UB-647 (ဟဲဟိုး-လားရှိုးခရီးစဉ်) လေယာဉ်ပေါ်
(၆) လားရှိုးမြို့။

**ဆက်သွယ်ရန်-မဝေဝေလွင်**
**Ph:09-5215063, 256167770**


သည်းထိတ်ရင်ဖို သွေးစုပ်ဖုတ်ကောင်ဇာတ်ကားကြီး Junction Cineplex တွင် 28.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ




| | | |
|---|---|---|
| **Junction Square ( Ph - 01 527055, 09 2544 24544)** | | |
| Sifu Vs Vampire | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Sifu Vs Vampire (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| **Junction Maw Tin ( Ph - 01 225 244 )** | | |
| Sifu Vs Vampire | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| **Junction Nay Pyi Taw ( Ph - 067 421 615)** | | |
| Left Behind | Mon to Thu | 11 AM , 2 PM , 6 . 30 PM |
| | Fri to Sun | 10 . 30 AM . 1 . 30 PM . 4 . 30 PM . 7 . 30 PM |

# ၂၀၁၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

ဒေါက်တာမြင့်ရွှေ

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့(World AIDS Day) လှုပ်ရှားမှုများကို ၁၉၈၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ် ဒီဇင်ဘာ ၁ ရက်မှစ၍ ပထမ ရက်သတ္တပတ်အတွင်း ကျင်းပလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၈၉ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၂၆)ကြိမ်မြောက်ခဲ့ပြီဖြစ်ပါသည်။

ဤကဲ့သို့ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပရသည့် ရည်ရွယ်ချက်များမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါဖြင့် သေဆုံးသူများကို အမှတ်ရစေရန်နှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများမှာ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နှီးနွှယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများ၊ မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ထက်သန်သည့် ဆန္ဒများ၊ နိုးကြားတက်ကြွသည့်စိတ်ဓာတ်များနှင့် ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန် နှိုးဆော်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်ပါသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါဖြစ်ပွားမှု သမိုင်းကြောင်းကို ပြန်လှေ့လာကြည့်မည်ဆိုပါလျှင် ၁၉၈၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော အေအိုင်ဒီအက်စ်ရောဂါသည် နှစ်ပေါင်း(၃၀)ကျော်အတွင်း တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၃ခုနှစ် အကုန်တွင် ကမ္ဘာ့အေအိုင်ဒ်အက်စ်အဖွဲ့(UNAIDS)မှ ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် ခန့်မှန်းအိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကူးစက်ခံနေရသူပေါင်း ၃၅ သန်းခန့်ရှိကြောင်းနှင့် ရောဂါအသစ်ဖြစ်ပွားသူပေါင်း ၂ ဒသမ ၁ သန်းခန့်ရှိကြောင်း သိရှိရပါသည်။ အာရှ-ပစိဖိတ်ဒေသတွင်း အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကူးစက်ခံနေရသူပေါင်း ငါးသန်းခန့်ရှိနေပြီး ရောဂါအသစ်ဖြစ်ပွားမှု လေးသိန်းခန့်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ အိပ်ချ်အိုင်ဗွီပိုးတွေ့လူနာ တစ်ဦးကို ၁၉၈၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ပထမဆုံးအေအိုင်ဒီအက်စ်လူနာတစ်ဦးကို ၁၉၉၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပါသည်။ ဒေသတွင်း နိုင်ငံများအတွင်းခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အကုန်တွင် အသက်(၁၅)နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကူးစက်ခံနေရသူပေါင်း ၁၈၀၀၀၀ ခန့်ရှိပြီး ထိုနှစ်ထဲမှာပင် အိပ်ချ်အိုင်ဗွီ ရောဂါပိုးကူးစက်ခံရသူ (အသစ်)ပေါင်း ၇၀၀၀ ခန့်ရှိကြောင်း သိရှိရသည်။

UNAIDS အဖွဲ့မှ ၁၉၈၉ ခုနှစ်မှစ၍ နှစ်စဉ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များကိုလည်း ချမှတ်ပေးခဲ့ရာ (၂၀၁၁-၂၀၁၅)ခုနှစ်အထိ အသုံးပြုရန်အတွက် ရွေးချယ်ထားခဲ့သောဆောင်ပုဒ်မှာ "Getting to Zero, Zero New HIV Infections.Zero Discrimination and Zero AIDS related Deaths"ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့်ဆောင်ပုဒ်များကို ပြန်ဆိုအသုံးပြုခဲ့ရာတွင် ယခင်နှစ်နှင့် ယခုနှစ်အတွက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ "ခွဲခြားနှိမ့်ချကင်းစင်ဝေး၊ ကူးစက်သေဆုံးမရှိရေး၊ ART (အေအာတီ)ဖြင့် ကုသပေး"ဟူ၍ ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်၏အဓိပ္ပာယ်မှာ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံရသူတိုင်း၊ အေအိုင်ဒီအက်စ်ဝေဒနာ ခံစားနေရသူတိုင်းနှင့် ၎င်းတို့၏မိသားစုများကို ခွဲခြားနှိမ့်ချဆက်ဆံမှုမရှိဘဲ နွေးထွေးကြည်ဖြူစွာနှင့် လူသားချင်းကိုယ်ချင်းစာနာပြီး လက်တွဲကူညီပံ့ပိုးပြုစုစောင့်ရှောက်ပေးကြရန်၊ အေအာတီဆေးဖြင့် ဆောလျင်စွာစောင့်ရှောက်ကုသမှုပေးခြင်းဖြင့် ဝေဒနာရှင်ထံမှ အခြားသူများသို့ ရောဂါပိုးလျော့နည်းလာစေရန်နှင့် သက်ရှည်ကျန်းမာစွာ နေထိုင်သွားနိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ၁၉၈၉ ခုနှစ်တွင် အမျိုးသားကျန်းမာရေးကော်မတီမှ ချမှတ်ပေးခဲ့သည့် လမ်းညွှန်ချက်များနှင့်အညီ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဗဟိုအဖွဲ့လက်အောက်တွင် လုပ်ငန်းကော်မတီတစ်ရပ်ကို နှီးနွှယ်ဌာနဆိုင်ရာများ၊ ပြည်တွင်းလူမှုရေးအသင်း အဖွဲ့များဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များမှာလည်း သက်ဆိုင်ရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးကော်မတီအသီးသီးကိုလည်းကောင်း ဖွဲ့စည်း၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် (United Nations Millennium Development Goals - MDGs) အမှတ်စဉ်(၆)ဖြစ်သည့် အေအိုင်ဒီအက်စ်ရောဂါကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့မှုကို ၂၀၁၅ ခုနှစ်တွင် ရပ်တန့်သွားပြီး ကူးစက်မှုနှုန်း ကျဆင်းလာစေရန်အတွက် လည်းကောင်း၊ အေအိုင်ဒီအက်စ်ရောဂါကာကွယ်တိုက်ဖျက်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ (Universal Access to HIV Prevention, Treatment, Care and Support) ကို လူတိုင်းလက်လှမ်းမီ ရရှိစေရေးအတွက်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် နှီးနွှယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ရောဂါပိုးရှိသူများပါဝင်သော ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ (Community Based Organizations-CBOs) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ရေးဆွဲချမှတ်ထားသော ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာ စီမံကိန်း (၂၀၁၁-၂၀၁၆)ခုနှစ်တွင် ဦးစားပေးမဟာဗျူဟာ သုံးရပ်ပါရှိပြီး အဆိုပါ နည်းဗျူဟာများအပေါ်မူတည်၍ ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်သည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်း လုပ်ငန်းစဉ် (၁၀)ရပ်ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဆောင်ရွက်မှုများ၏ အကျိုးရလဒ်တစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ဖြစ်ပွားနှုန်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် သုည ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် သုည ဒသမ ၄၇ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းလျော့နည်းကျဆင်းလာပြီဖြစ်ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ရောဂါကူးစက်မှုထပ်မံမရှိစေရန်အတွက် အပြုအမူပြောင်းလဲရေးသို့ ဦးတည်သည့် ရောဂါကာကွယ်ရေးပညာပေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်နှင့် ရောဂါပိုးရှိသူများကို ခွဲခြားနှိမ့်ချမှုမရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ လိင်ဆက်ဆံမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု လျော့ကျလာစေရေးနှင့် မသန့်ရှင်းသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်များမှတစ်ဆင့် ရောဂါကူးစက်မှု လျော့ကျလာစေရေးလုပ်ငန်းများကိုလည်း ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း မီသာဒုန်းဆေးဝါးဖြင့် အစားထိုးကုသခြင်း (Methadone Maintenance Therapy) ကိုဆေးစွဲလူနာ ၃၀၀၀ ကျော်တွင် တိုက်ကျွေးနိုင်ခဲ့၍ ကိုယ်ဝန်ဆောင်မိခင် ၄၀၀၀၀၀ နီးပါးခန့်ကို အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးနိုင်ခဲ့ပါသည်။

၎င်းတို့အနက် ရောဂါပိုးတွေ့ရှိသူမိခင် ၃၅၀၀ ခန့်အား အေအာတီဆေးတိုက်ကျွေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား အေအာတီဆေးဝါးဖြင့် ကုသခြင်း (Antiretroviral Therapy) လုပ်ငန်းကို ၂၀၀၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး




ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံကြီး၊ ၆၈ ရုံ၊ တိုင်းဒေသကြီး/ပြည်နယ်ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ဆေးခန်း ခုနစ်ခုနှင့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၏ ဆေးခန်းများတွင် အခမဲ့ကုသပေးလျက်ရှိပါသည်။

အထက်ဖော်ပြပါ ART Centre များတွင် အေအာတီဆေးဝါးဖြင့် စတင်ကုသမှုခံယူပြီးသော လူနာများအား သက်ဆိုင်ရာခရိုင်မြို့နယ်အဆင့် Decentralize ART Site များသို့ လွှဲပြောင်းပေးပြီး ဆက်လက်ကုသမှုခံယူစေမည်ဖြစ်ပါသည်။ ဤကဲ့သို့လူနာများကို Decentralized ART Site များတွင် လွှဲပြောင်းကုသမှုခံယူစေခြင်းဖြင့် ၎င်းတို့အနေဖြင့် မိမိတို့နေထိုင်ရာဒေသများတွင် ဆေးဝါးများ လွယ်ကူလျင်မြန်စွာရရှိနိုင်ပြီး ပိုမိုထိရောက်သော ကုသမှုကိုခံယူနိုင်မှာဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် Decentralized ART Sites ၆၅ ခုကျော်ထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်အကုန်တွင် ၁၅၀ အထိ တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

ခန့်မှန်းတွက်ချက်မှုများအရ ၂၀၁၃ ခုနှစ်အတွက် အေအာတီဆေးဝါးများ ကုသပေးရန် လိုအပ်သောလူနာပေါင်း ၁၂၀၀၀၀ ကျော်ရှိသည့်အနက် ၂၀၁၄ ခုနှစ် ဇွန်လကုန်အထိရရှိသော စာရင်းဇယားများအရ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်နှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်လူနာစုစုပေါင်း ၇၅၀၀၀ ခန့်ကို အေအာတီဆေးဝါးဖြင့် အခမဲ့ကုသပေးနိုင်ခဲ့ပြီးဖြစ်၍ ၂၀၁၆ ခုနှစ်အကုန်တွင် အေအာတီဆေးဝါးဖြင့် ကုသရန် လိုအပ်သော လူနာစုစုပေါင်း ၁၁၀၀၀၀ ခန့်ကို အခမဲ့ကုသပေးနိုင်ရန်လည်း စီစဉ်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ရေး (PMTCT) လုပ်ငန်းများကို နှီးနွှယ်စီမံချက်များဖြစ်သော မျိုးဆက်ပွားကျန်းမာရေး၊ မိခင်ကလေးကျန်းမာရေး ဖွံ့ဖြိုးရေး၊ အာဟာရ၊ ဆယ်ကျော်သက်ကျန်းမာရေးစသည်တို့နှင့် ပူးပေါင်းဆက်စပ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း Life Long ART ဆေးဖြင့် ကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မိခင်များအသက်ရှင်နေထိုင်နိုင်စေခြင်းဖြင့် မိဘမဲ့ကလေးများလျော့နည်းလာမည် ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ အာဆီယံ အေအိုင်ဒီအက်စ် ရောဂါတားဆီးရေးလုပ်ငန်းအဖွဲ့ (ASEAN TASK FORCE ON AIDS-ATFOA) တွင်လည်းကောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားမှု တားဆီးရေးစီမံချက်တွင်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဒေသခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဆင့် စီမံချက်လုပ်ငန်းများတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွက် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ရန်ပုံငွေကို ကမ္ဘာလုံးဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (Global Fund)မှ အဓိက ထောက်ပံ့ပေးလျက်ရှိပါသည်။ ပွင့်လင်းမြင်သာလာသော မြန်မာနိုင်ငံ၏ အခြေအနေအရ နိုင်ငံတကာအဖွဲ့အစည်းသစ် အများအပြားမှလည်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာမှုအများအပြားရှိနေပါသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှလည်း ကျန်းမာရေးအသုံးစရိတ်ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ လေးဆခန့်တိုးမြှင့်သုံးစွဲခဲ့ပြီး နောင်လာမည့်နှစ်များတွင်လည်း ပိုမိုတိုးမြှင့်သွားရန် စီစဉ်ထားရှိပြီးဖြစ်ရာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါ တာဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်မှစ၍ ကျန်းမာရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများအတွက် HIV Test Kit များ ဝယ်ယူပေးခြင်း၊ CD4 အရေအတွက်စစ်ဆေးသည့်စက်များ ဝယ်ယူဖြည့်တင်းပေးခြင်း၊ လူနာအချို့အတွက် ART ဆေးဝါးများ ဝယ်ယူထောက်ပံ့ပေးခြင်းနှင့် မီသာဒုန်းဆေးဝါးများ ဝယ်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ၂၀၁၅-၂၀၁၆ ခုနှစ်များအတွက် အေအာတီဆေးဝါးများ အဓိက ဝယ်ယူရန် GFATM ရန်ပုံငွေမှ ထပ်မံလိုအပ်နေသည့် အမေရိကန်ဒေါ်လာ ငါးသန်းခန့်ကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးသွားရန် သဘောတူညီပြီးဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် "Getting to Zero" သည် ၂၀၁၁ ခုနှစ်မှစတင်ပြီး ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာအတွက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးဆောင်ပုဒ် World AIDS Campaign Theme ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၆)ကို မိတ်ဖက်အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အိပ်ချ်အိုင်ဗွီပိုးစတင်ကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာရေး (Zero New HIV Infections)၊ ရောဂါပိုးရှိသူ ဝေဒနာရှင်များအား ခွဲခြားနှိမ့်ချကင်းစင်ရေး (Zero Discrimination)၊ လိုအပ်သောဆေးကုသမှုပြုစုကုသစောင့်ရှောက်မှုများ လက်လှမ်းမီရရှိကာ သေဆုံးမှုများလျှော့ချရေး(Zero AIDS related Deaths) စတဲ့ဆောင်ပုဒ်နှင့်အညီ ဦးတည်ဆောင်ရွက်ခြင်းဖြင့် ၂၀၁၅ ခုနှစ်အကုန်တွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို မြန်မာနိုင်ငံအနေဖြင့် ပြည့်မီနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်သူ့အသံ ပြည်သူ့အကြံ

**ခင်မောင်ထွေး**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရှေ့ပြေး လူဦးရေစာရင်းအရ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ခုနစ်သန်း ကျော်ရှိပြီး ရန်ကုန်မြို့၏ တစ်နေ့စွန့်ပစ်အမှိုက်မှာ တန် ၁၆၀၀ ခန့် ထွက်ရှိကြောင်း သက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ထုတ်ပြန်ချက်အရ တစ်လုံးလျှင် ငွေကျပ် ၂၇၀၀၀၀ တန်ဖိုးရှိ ၆၆၀ လီတာဆံ့ လိမ္မော်ရောင် စွန့်ပစ်အမှိုက်ပုံး အလုံး ၆၀၀၀ ကို ဥရောပမှ ဝယ်ယူခဲ့ပြီး လတ်တလောတွင် ၂၄၀ လီတာဆံ့ အစိမ်းရောင် စွန့်ပစ်အမှိုက်ပုံး ၂၉၄၈ လုံး၊ ၆၆၀ လီတာဆံ့ အစိမ်းရောင် စွန့်ပစ်အမှိုက်ပုံး ၂၅၉၅ လုံးနှင့် ၆၆၀ လီတာဆံ့ လိမ္မော်ရောင် စွန့်ပစ်အမှိုက်ပုံး ၁၅၁၂ လုံး ချပေးထားပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြင့် ယခုအပတ် ပြည်သူ့အသံ၊ ပြည်သူ့အကြံကဏ္ဍတွင် မကြာမီ Mega City အဖြစ်ပေါ်ပေါက်လာတော့မည့် ရန်ကုန်မြို့ပြ၏ ပစ္စက္ခ အမှိုက်သိမ်းစနစ်နှင့်ပတ်သက်၍ ပြည်သူအချို့၏ ပြည်သူ့အသံ ပြည်သူ့အကြံပြုချက်များကို ကောက်နုတ်ရွေးချယ်တင်ပြလိုက်ရပါသည်။

အခု အမှိုက်သိမ်းစနစ်ကတော့ ကျွန်တော့်အမြင်ပြောရရင် အများကြီး တိုးတက်လာပါတယ်။ အမှိုက်ကားကအစ ပိုပြီးပြည့်ပြည့်စုံစုံ ဖြစ်လာပါတယ်။ ဟိုတစ်နေ့က သတင်းစာမှာ အမှိုက်သိမ်းတာနဲ့ပတ်သက်ပြီးတော့ ကန်ထရိုက်စနစ်နဲ့ လုပ်မယ်ဆိုတာလည်းကြားတယ်။ ဘယ်လိုပဲလုပ်လုပ် အဓိကကတော့ သန့်ရှင်းတဲ့ မြို့တော်ကြီးဖြစ်ဖို့ပါပဲ။ ကျွန်တော့်အမြင်အရတော့ သူတို့လည်း နည်းမျိုးစုံနဲ့ အများကြီးကြိုးပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ တိုးတက်လာပါတယ်။ သို့သော် ပြီးပြည့်စုံတဲ့အနေအထားတော့ မရောက်သေးဘူးပေါ့။

အခုသူတို့လုပ်မယ့် ကန်ထရိုက်စနစ်နဲ့ အမှိုက်သိမ်းတာကလည်း အောင်မြင်နိုင်ပါတယ်။ ဆက်လက်ပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်သွားနိုင်ရင် ကောင်းမှာပါပဲလို့ အကြံပြုချင်ပါတယ်။ ကျွန်တော် မြို့တော်ဝန်တာဝန်ယူစဉ် ကထက် အခုအမှိုက်ထွက်တာ ပိုများမယ်လို့တွက်လို့ရပါတယ်။ လူဦးရေကလည်း ပိုပြီးတော့ သိပ်သည်းမှုများလာတယ်လေ။

ဒါကြောင့် အမှိုက်စွန့်ပစ်မှုမှာ ပြည်သူလူထုတွေ ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ပြည်သူတွေက အမှိုက်ကို စနစ်တကျ စွန့်ပစ်မှသာ သိမ်းတဲ့လူကလည်း သိမ်းလို့လွယ်မှာလေ။ အဲဒါမှ ကျွန်တော်တို့ မြို့ကြီးဟာ သန့်ရှင်းလှပတဲ့ ဥယျာဉ်မြို့တော်ကြီး ဖြစ်သွားမှာပါ။ သူများနိုင်ငံ၊ သူများမြို့တော်တွေနဲ့လည်း ရင်ပေါင်တန်းနိုင်မယ့်အနေအထားမျိုးဖြစ်လာမှာပါ။ ပြည်သူတွေ ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။

**ဦးအောင်သိန်းလင်း**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ရန်ကုန်မြို့တော်ဝန်(ငြိမ်း)**

---

အခုတလော စည်ပင်က သတ်မှတ်နေရာ အတော်တော်များများမှာ လီတာ ၆၆၀ ဆံ့ လိမ္မော်ရောင်အမှိုက်ပုံးသစ်တွေ လာချပေးထားတာတွေ့ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒါပေမယ့် အမှိုက်လာပစ်တဲ့သူအချို့က အမှိုက်ပုံးကိုဖွင့်ပြီး အမှိုက်မပစ်ကြဘူး။ အမှိုက်ပုံးဘေးနားကိုပဲ ပုံပုံချသွားတာတွေ့ရတယ်။ အမှိုက်ပုံးတွေကို ဖွင့်ကြည့်ပြီး အမှိုက်ပြည့်လို့ ဘေးမှာ ချထားတာမဟုတ်ဘဲ တမင်ဘေးကို ချချသွားကြတယ်။ အမှိုက်ပစ်သူတွေအနေနဲ့ စည်ပင်က ချထားတဲ့ အမှိုက်ပုံးထဲအရောက် စနစ်တကျပစ်စေချင်တယ်။ ဒါမှသာ ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုမယ့်အပြင် သန့်ရှင်းရေးဝန်ထမ်းတွေရဲ့အလုပ်ကိုလည်း တစ်ဖက်တစ်လမ်းက ကူညီရာရောက်မယ်လို့ ပြောချင်ပါတယ်။

**တာမွေမြို့နယ်နေ ပြည်သူတစ်ဦး**

---

ကျွန်မတို့ရပ်ကွက်မှာ တချို့က သတ်မှတ်နေရာမှာ အမှိုက်သွားမပစ်ဘဲနဲ့ ဖြစ်သလိုပစ်ကြတော့ အမှိုက်တွေက ပိုများလာပြီး လမ်းပိတ်ဆို့သွားတယ်။ လမ်းပျောက်သလိုဖြစ်သွားတယ်။ အခုရက်ပိုင်းအတွင်းမှာ လူမှုကွန်ရက်စာမျက်နှာပေါ်က တင်လိုက်တဲ့အတွက် သက်ဆိုင်ရာက လာပြီးရှင်းသွားပါပြီ။ အကြံပြုချင်တာကတော့ ရပ်ကွက်ပြည်သူတွေအနေနဲ့ အမှိုက်ကို သတ်မှတ်အမှိုက်ကန်နေရာမှာပဲ စနစ်တကျပစ်စေချင်တယ်။ အမှိုက်ကန်ရဲ့ အပြင်ကိုပဲ ပစ်နေရင် ပြည်သူတွေသွားစရာလမ်းရှိမှာမဟုတ်ဘူး။ အခု သက်ဆိုင်ရာက လာရှင်းပေးသွားလို့ လမ်းလျှောက်ဖို့နေရာရှိသွားတာ။ အရင်ကဆို တစ်ရာသီလုံး အမှိုက်တွေပေါ်ကပဲ အများပြည်သူတွေ သွားနေရတယ်။

**ဒဂုံမြို့သစ်တောင်ပိုင်း**
**(၇၀)ရပ်ကွက်၊ အနော်ရထာလမ်းနေပြည်သူတစ်ဦး**

---

ကျွန်မတို့ရပ်ကွက်မှာ စည်ပင်သန့်ရှင်းရေးလှည်းက တစ်ရက်ခြား ညနေပိုင်း တစ်ခေါက်ပဲလာတယ်။ လှည်းကသေးတော့ အမှိုက်ကမဆံ့ဘူး။ လှည်းကရောင်းတဲ့ အမှိုက်အိတ် ငါးလုံးကို ငွေကျပ် ၂၀၀ နဲ့ဝယ်သုံးရပါတယ်။ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ပါ။ ကောင်းပါတယ်။ အရင်လို အမှိုက်တွေကို စည်းကမ်းမဲ့ မပစ်ကြတော့ဘူးပေါ့။ အခု ကျွန်မတို့ သုဝဏ္ဏမြို့မှာ လမ်းထိပ်တိုင်း အခု လိမ္မော်ရောင်အမှိုက်ပုံးအသစ်တွေ ချထားပေးတယ်။ ပိုကောင်းလာတာပေါ့။ ဒါပေမယ့် ကျွန်မတို့က မီးဒိုးလမ်းသွယ်အဆုံးမှာ နေတော့ လက်လှမ်းမမီဘူး ဖြစ်နေတယ်။ အကြံပြုချင်တာက မီးဒိုးတစ်လမ်း၊ နှစ်လမ်း စသဖြင့် လမ်းသွယ်ထိပ်တိုင်းမှာ တစ်ပုံးစီ၊ ဒါမှမဟုတ် လမ်းသွယ် နှစ်လမ်းပေါင်း သုံးလမ်းပေါင်းထိပ်မှာ အမှိုက်ပုံးတစ်ပုံးစီထားပေးနိုင်ရင် ပိုကောင်းတာပေါ့။

**သုဝဏ္ဏမြို့ မီးဒိုးလမ်းနေပြည်သူတစ်ဦး**

---

ကျွန်မတို့ရပ်ကွက်မှာလည်း အချို့ပြည်သူတွေက အမှိုက်တွေကို နောက်ဖေးလမ်းကြားထဲ အလွယ်တကူပစ်ကြတယ်။ အမှိုက်သိမ်းလှည်းလာပေမယ့် လမ်းကြားထဲကိုပဲ ပစ်ကြတယ်။ နောက်ဖေးလမ်းကြားကလည်း နဂိုကတည်းက ပစ်ထားတဲ့ အမှိုက်သရိုက်တွေ ချုံနွယ်ပိတ်ပေါင်းတွေ ရှိနေတော့ နောက်ဖေးလမ်းကြားဆိုတာ အမှိုက်ပစ်စရာနေရာလို့ ယူဆနေကြတယ်ထင်ပါတယ်။ ဒါကြောင့် နောက်ဖေးလမ်းကြားသန့်ရှင်းရေးပိုင်းကို မြို့တော်အဂ်ါရပ်နဲ့အညီ တာဝန်ရှိသူတွေက အမြဲကြပ်မတ်ပေးစေချင်ပါတယ်။

**အင်းစိန်မြို့နယ်(က+ခ)ရပ်ကွက်နေ ပြည်သူတစ်ဦး**

---

အမှိုက်ပုံးက လေးလမ်းပေါင်းမှ တစ်ပုံးလောက်ပဲရှိတယ်။ အမှိုက်ပစ်ရတာဝေးတော့ အထပ်မြင့်နေသူအချို့က နောက်ဖေးလမ်းကြားထဲကိုပဲ ပစ်ချနေကြတယ်။ နောက်ဖေးလမ်းကြားကိုပစ်တော့ ကြွက်တွေပေါလာတယ်။ ကြွက်တွေက ရေမြောင်းတွေကိုဖောက်တယ်။ တူးတယ်။ ဒီတော့ ရေစီးရေလာကလည်း မကောင်းတော့ဘူး။ ခြင်တွေလည်း ပေါလာတယ်။ အောက်ထပ်က လူတွေအတွက်လည်း လေကောင်းလေသန့်မရတဲ့အပြင် ကျန်းမာရေးနဲ့လည်း မညီညွတ်တော့ဘူး။ ဒါကြောင့် လူတွေ အမှိုက်ကို စနစ်တကျစွန့်ပစ်နိုင်အောင် အမှိုက်ပုံးကို တစ်လမ်းတစ်ပုံးနဲ့ နီးနီးနားနား ထားပေးသင့်ပါတယ်။ နောက်ဖေးလမ်းကြားသန့်ရှင်းရေးကို လူတွေ ဆောင်ရွက်နိုင်အောင် စည်ပင်ကဦးဆောင်ပြီး နည်းလမ်းရှာပေးသင့်တယ်။

**စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနေ ပြည်သူတစ်ဦး**

---

ကျွန်မတို့အလုပ်ချိန်က မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိပါ။ နေ့လယ် ထမင်းစားချိန်ခဏပဲနားပြီး ဆက်တိုက်လုပ်ရပါတယ်။ အမှိုက်တွေ့ရင် သိမ်းရမှာပဲလေ။ ကျွန်မတို့က အမှိုက်သိမ်းရတဲ့ သန့်ရှင်းရေးဝန်ထမ်းဖြစ်တော့ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင်တော့ အမြဲလုပ်နေရမှာပါ။

**ဗိုလ်တထောင်မြို့နယ်**
**စည်ပင်သန့်ရှင်းရေးဝန်ထမ်းတစ်ဦး**

---

# တစ်သောင်းတန် ငွေစက္ကူအတု သိန်း ၉၀၀ ကျော် မွန်ပြည်နယ်၌ သိမ်းဆည်းရမိ

**မော်လမြိုင် နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ဘီးလင်းမြို့၌ နိုဝင်ဘာ ၂၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရဲအုပ်အောင်သူနှင့် အဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဘီးလင်းမြို့ အိုအေစစ် စားသောက်ဆိုင် အခန်းအမှတ် (၈၀၇) ကို ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း သိန်းဇော် (၃၉) နှစ်နှင့် သက်လွင်ဦး (၃၄) နှစ်တို့အား LEVIS စာတန်းပါ အနက်ရောင် ကျောပိုးအိတ် တစ်လုံးနှင့်အတူ တွေ့ရှိပြီး ကျောပိုးအိတ်အတွင်းမှ ကမ္ဘောဇဘဏ် လီမိတက်(ဘားအံဘဏ်ခွဲ) တံဆိပ်နှင့် 27 NOV 2014 တံဆိပ်ရိုက်နှိပ်ထားသည့် ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၁၀၀ ရွက်ပါ အထုပ် ၉၁ ထုပ် စုစုပေါင်းကျပ်သိန်း ၉၁၀၊ လက်ကိုင်ဖုန်းသုံးလုံးနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သိန်းဇော်အား စစ်ဆေးရာ လွန်ခဲ့သော တစ်လခန့်က တောင်ကြီးမြို့ ဆိုင်ကယ်ပွဲစားတန်းတွင်တွေ့ရှိသည့် တင့်လွင်နှင့် ဆိုင်ကယ်ဝယ်ယူစဉ်ခင်မင်ခဲ့ပြီး တင့်လွင်က ၎င်းထံတွင် ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတု သိန်းတစ်ရာကျပ်ကို ငွေစက္ကူအစစ် သိန်း ၃၀ ပေးရမည်ဖြစ်ကြောင်းပြောရာ နိုဝင်ဘာ ၂၇ ရက် ညနေ ၅ နာရီခွဲခန့်တွင် တောင်ကြီးမြို့ ဆိုင်ကယ်ပွဲစားတန်းရှိ လက်ဖက်ရည်ဆိုင်တွင် တင့်လွင်နှင့်တွေ့၍တစ်သောင်းကျပ်တန်အတု ကျပ်သိန်း ၉၁၀ အား ငွေကျပ် သိန်း ၃၀ ပေး၍ ယူခဲ့ကြောင်း၊ တောင်ကြီးမြို့မှ ညနေ ၆ နာရီထွက်သည့် နယူးမန္တလာထွန်းယာဉ်ဖြင့် လိုက်ပါလာခဲ့ပြီး အမှတ်(၃) လမ်းဆုံသို့ နိုဝင်ဘာ ၂၈ ရက် နံနက် ၅ နာရီတွင်ရောက်ရှိပြီး တိုက်ကြီးမြို့နယ် ဖလုံရွာနေ သက်လွင်ဦးထံသို့ နံနက် ၇ နာရီတွင်ရောက်ရှိကာ ထိုမှ သက်လွင်ဦး၊ မျိုးလှိုင် (၃၈)နှစ်၊ မင်းထိုက် (၃၃) နှစ်တို့နှင့်အတူ ဆိုင်ကယ်နှစ်စီးဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့သို့ ထွက်ခွာခဲ့ကြောင်း၊ သတင်းအရ မျိုးလှိုင်နှင့် မင်းထိုက်တို့အား လိုက်လံရှာဖွေရာ မင်းထိုက်အား ညနေ ၅ နာရီ မိနစ် ၂၀ တွင် ဘီးလင်းမြို့ အိုအေစစ် စားသောက်ဆိုင်ရှေ့တွင် ၄၀ယ/--- DAYUN အမျိုးအစား ဆိုင်ကယ်နှင့်အတူဖမ်းဆီးရမိပြီး မျိုးလှိုင်အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ငွေလာမြိုင် လက်ဖက်ရည်ဆိုင်ရှေ့တွင် ၃၃ယ/---- စမတ်ဆိုင်ကယ်ဖြင့် တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ငွေစက္ကူအတုနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသူ သိန်းဇော်၊ သက်လွင်ဦး၊ မင်းထိုက်နှင့် တင့်လွင် (စုံစမ်းဖမ်းဆီးဆဲ)တို့အား ဘီးလင်းမြို့မရဲစခန်းမှု(ပ)၁၄၅/---၂၀၁၄၊ နိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၀၅/၁၀၆/၁၀၇ ဖြင့် အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဆက်နေမင်းအောင်)**

---

# မိဘများစောင့်ရှောက်ကူညီမှုအသင်း သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးကုသ

**ရန်ကုန် နိုဝင်ဘာ ၃၀**

မိဘများ၏ဂုဏ်ကျေးဇူးကို လေးစားတန်ဖိုးထားတုံ့ပြန်သွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့် မိဘများ စောင့်ရှောက်ရေးကူညီမှုအသင်း၏ မိဘဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ကုသခြင်းနှင့် လူမှုဘဝဆိုင်ရာပစ္စည်းများ ပေးအပ်ခြင်းကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် သာကေတမြို့နယ် ဇိနမာန်အောင်စေတီ ဝိမုတ္တိရသ ဓမ္မာရုံ၌ ကျင်းပသည်။

“ဒီနေ့သာကေတ (၇)ရပ်ကွက်မှာရှိတဲ့ ဘိုးဘွား ၁၅၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးတာပါ။ ဒီကျန်းမာရေးစောင့်ရှောက်မှုရလဒ်ပေါ်မှာကြည့်ပြီး လိုအပ်ရင် ဆေးရုံဆေးခန်းတွေနဲ့ချိတ်ဆက်ပြီး ကုသပေးသွားမှာပါ။ ဒီလိုကျန်းမာရေး ဆေးစစ်ကုသတဲ့အခါ ကျပ် ၁၀ သိန်းကနေ ၁၅ သိန်းကြား ကုန်ကျမှုရှိပါတယ်။ အလှူရှင်တွေက လှူဒါန်းတဲ့ ငွေအပါအဝင် ပေါင်းစပ်ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ဘိုးဘွားကျန်းမာရေး စောင့်ရှောက်မှုတာဝန်ခံဆရာဝန် ဒေါက်တာကျော်ဇေယျက ပြောကြားသည်။



မိဘများစောင့်ရှောက်ကူညီမှုအသင်း သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စစ်ဆေးကုသစဉ်။

အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုတွင် သက်ကြီးဘိုးဘွားများတွင် အများဆုံးဖြစ်တတ်သော သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချို၊ လေငန်းရောဂါတို့ကိုကုသပေးကြပြီး နာတာရှည် သက်ကြီးဘိုးဘွားများကို စာရင်းပြုစုကာ ဆေးရုံဆေးခန်းများနှင့် ချိတ်ဆက်၍ ကုသပေးလျက်ရှိသည်။

“မိဘဘိုးဘွားတွေကို ကိုယ့်မိဘရင်းသဖွယ်သဘောထားပြီး ပြုစုစောင့်ရှောက်တာကို မြင်ရတော့ ကြည်နူးမိပါတယ်။ အလွန်မွန်မြတ်တဲ့အလုပ်မို့ ဂုဏ်လည်းယူပါတယ်။ ကိုယ်ကိုယ်တိုင်ဦးဆောင်မလုပ်နိုင်ပေမယ့် ရှေ့ကလူတွေလုပ်တာကို နောက်ကတတ်နိုင်သလောက် ပါဝင်ကူညီရတဲ့သဘောပါ။ မိဘဆိုတာ တကယ်တော့ အရေးကြီးပါတယ်။ သားသမီးတွေ လူ့လောကထဲ ရောက်လာတာ မိဘနှစ်ပါးရဲ့ ကျွေးမွေးပြုစုစောင့်ရှောက်မှုကြောင့်ပါ။ အရင်က မိဘနှစ်ပါးက သားသမီးငါးယောက်၊ ဆယ်ယောက်ကို ပြုစုလုပ်ကျွေးနိုင်ခဲ့ပေမယ့် အခုခေတ်မိဘနှစ်ပါးကို သားသမီးတွေက မပြုစုနိုင်တာကို တွေ့နေရတယ်။ ဒီလိုဖြစ်ရတဲ့အချိန်မှာ အခုလို တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်တွေနဲ့ တစ်ဦးချင်းစီ ကျန်းမာရေးစစ်ဆေးတာကို တွေ့ရတာဝမ်းသာပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဒီလို ပရဟိတလုပ်ငန်းတွေကို တတ်နိုင်သလောက် ပါဝင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်”ဟု မမများအဖွဲ့မှ ရုပ်ရှင်သရုပ်ဆောင် ဝါဝါအောင်က ပြောကြားသည်။

မိဘများစောင့်ရှောက်ရေး ကူညီမှုအသင်း၏ ကျန်းမာရေးစောင့်ရှောက်ဆေးကုသမှုအခမ်းအနားသို့ သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ မြို့နယ်စာရေးဆရာအသင်းနှင့် အလှူရှင်များ တက်ရောက်ကြပြီး ဆေးကုသမှုလုပ်ငန်းကို မြို့နယ်အလိုက်တစ်လလျှင် နှစ်ကြိမ် အခမဲ့စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-ခင်မောင်ဝင်း**



နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပဲခူးမြို့၌ တွေ့ဆုံ

**ပဲခူး နိုဝင်ဘာ ၃၀**

နိုဝင်ဘာ ၂၉ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး Mr.Borge Brende နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က ပဲခူးမြို့ရှိ ဟံသာဂါးဒင်း ဟိုတယ်၌ နော်ဝေနိုင်ငံမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် မွန်အမျိုးသမီးအဖွဲ့(MWO)တို့ တက်ရောက်ခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် IDPs(ဒေသတွင်းထွက်ပြေးတိမ်းရှောင်နေရသူများ)ကို အကူအညီပေးရေးကိစ္စ၊ Norwegian People's Aid (နော်ဝေပြည်သူများထောက်ပံ့ရေးအဖွဲ့)နှင့် မြန်မာအစိုးရတို့ ပူးပေါင်းကာ ပဲခူးတိုင်းဒေသတွင်း၌ IDPs များကို မှတ်ပုံတင်ထုတ်ပေးရေးရှေ့ပြေးစီမံကိန်း၏ အောင်မြင်မှုများနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်များအတွက် ကူညီထောက်ပံ့ပေးရေးအစီအစဉ်များအား အဓိကထား ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ ဒီမိုကရေစီကူးပြောင်းမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကူညီခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အစိုးရ အကူးအပြောင်းကာလအတွင်း၌ အပြီးမသတ်နိုင်မည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းမှ စိုးရိမ်ပူပန်မှုများရှိနေပါကြောင်း၊ ငြိမ်းချမ်းရေးအား စားပွဲဝိုင်းပေါ်၌ညှိနှိုင်းနေစဉ်ကာလအတွင်း မြေပြင်ပေါ်၌လည်း ငြိမ်းချမ်းရေး သက်ရောက်ရန် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီး Mr. Borge Brende က မြန်မာနိုင်ငံ၌ အဖွဲ့အစည်းများအားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်ဆီသို့ အောင်အောင်မြင်မြင် ရောက်ရှိနိုင်ရန်မှာ ရှည်ကြာလိမ့်မည်ဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ကူညီထောက်ပံ့ပေးမှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်အောင် တည်ဆောက်ရာ၌ အထောက်အကူဖြစ်မည်ဟု ထင်မြင်ပါကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲ၏ ပထမပိုင်း အစီအစဉ်အပြီးတွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့သည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် နော်ဝေနိုင်ငံခြားရေး ဝန်ကြီးသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**(သတင်းစဉ်)**

## (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။

☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။




"Core Banking System Initiative of the Year in Myanmar 2014"

"Domestic Retail Bank of the Year in Myanmar 2014"

"Best Bank in Myanmar 2014"

# Bank of the Year In Myanmar 2014 ဆု မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက် လက်ခံရရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times မှ ပေးအပ်သည့် ၂၀၁၄ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆု "The Banker Awards 2014" ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Intercontinental Hotel-Ballroom ခန်းမ၌ ကျင်းပရာ ၂၀၁၄ ခုနှစ်အတွက် မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှုအကောင်းဆုံးဆု "Bank of the Year in Myanmar 2014" ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ယင်းသို့ ၂၀၁၄ ခုနှစ်အတွက် နိုင်ငံအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှု အကောင်းဆုံးဆုများကို အမေရိကန်နိုင်ငံမှ WELLS FARGO BANK၊ အင်္ဂလန်နိုင်ငံမှ LLOYDS BAN KING GROUP၊ နယ်သာလန်နိုင်ငံမှ ING BANK၊ ဩစတြေးလျနိုင်ငံမှ WESTPAC BANK၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ICBC BANK၊ တောင်ကိုရီးယားနိုင်ငံမှ HANA BANK၊ စင်ကာပူနိုင်ငံမှ DBS BANK၊ မလေးရှားနိုင်ငံမှ CIMB BANK၊ ထိုင်းနိုင်ငံမှ KRUNG THAI BANK၊ အိန္ဒိယနိုင်ငံမှ AXIS BANK တို့ အပါအဝင် နိုင်ငံပေါင်း ၁၄၉ နိုင်ငံ၏ သက်ဆိုင်ရာဘဏ်အဖွဲ့အစည်းများမှလည်း ယင်းဆုကို အသီးသီးရရှိခဲ့ကြသည်။ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၄၉ နိုင်ငံမှ ဘဏ်ဥက္ကဋ္ဌများ၊ CEO များ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြရာ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းခမ်းနောင့်၊ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်၊ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်ခင်ချောစုနှင့် ကမ္ဘောဇဘဏ်လီမိတက်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြခဲ့ပြီး မြန်မာနိုင်ငံအတွက် "Bank of the Year in Maynmar 2014" ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက တက်ရောက် လက်ခံရယူခဲ့ကြောင်း သိရသည်။

Financial Times က ကြေညာချက်ထုတ်ပြန်ရာတွင် နှစ်အလိုက်အကောင်းဆုံးဘဏ်ဆု(Bank of the Year in Myanmar 2014)ဆုကို ရွေးချယ်ချီးမြှင့်ရာတွင် ကမ္ဘာအရပ်ရပ်ရှိ ဘဏ်လုပ်ငန်းများအတွက် ရည်ရွယ်ကာ သီးခြားဖွဲ့စည်းထားသော The Banker မှ ကမ္ဘာတစ်ဝန်း၌ ၎င်းတို့ဖြန့်ကြက်ထားသော သတင်းထောက်များ၊ သတင်းဌာနများ၊ မီဒီယာများမှ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းလျက် သတ်မှတ်ထားသော စံချိန်စံညွှန်းများပေါ် အခြေခံ၍ ၂၀၁၄ ခုနှစ် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ်ကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်ကို ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းဆိုင်ရာများ တိုးတက်ဆောင်ရွက်နိုင်မှု၊ ဘဏ်ခွဲများ ATM စက်များ၊ နိုင်ငံအနှံ့အပြား၌ တိုးတက်ဖွင့်လှစ်နိုင်မှု၊ ဈေးကွက်တိုးတက်ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအများဆုံး တိုးတက်ထုတ်ချေးနိုင်မှုဝင်ငွေနှင့် အမြတ်တိုးတက်ရရှိမှု၊ ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်မှုနှင့် စီမံအုပ်ချုပ်မှုစွမ်းရည် တိုးတက်ကောင်းမွန်မှု၊ ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာနည်းပညာများနှင့်ဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ အခွန်ဘဏ္ဍာငွေအများဆုံး သယ်ပိုးထမ်းဆောင်နိုင်မှုစသည်တို့ကို အခြေခံ၍ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ယမန်နှစ်ကလည်း Financial Times မှ ပေးအပ်သည့် Bank of the Year in Myanmar 2013 ဆုကို ရရှိခဲ့ပြီး ယခုနှစ်အတွက်ထပ်မံ၍ ရွေးချယ်ခံရသည့်အတွက် ဤဆုကို နှစ်နှစ်ဆက်တိုက်ရရှိခြင်းဖြစ်ကြောင်း သိရှိရပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံး Global Award ဆုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ICBC BANK မှ ရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှလူငယ်များ လိုက်ပါစီးနင်းလာသည့် Nippon Maru ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၃၀**

အရှေ့တောင်အာရှလူငယ်များ လိုက်ပါစီးနင်းလာသည့် Nippon Maru ရန်ကုန်ဆိပ်ကမ်းမှ အင်ဒိုနီးရှားနိုင်ငံသို့ ယနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် ထွက်ခွာသွားသည်။

အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများက အကများဖြင့် ညနေပိုင်းတွင် နှုတ်ဆက်ဖျော်ဖြေကြပြီး အိမ်ရှင်အဖြစ် ဧည့်ခံကြသည့် Homestay အိမ်ရှင်များကလည်း သင်္ဘောပေါ်ထိ တက်ရောက်လိုက်လံပို့သပြီး နှုတ်ဆက်ကြသည်။

ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် လူငယ်များလည်ပတ်ကြမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ ဒီဇင်ဘာ ၁၈ ရက်တွင် မိမိနိုင်ငံအသီးသီးသို့ ပြန်ကြမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၆ ရက်ထိ၊ ဘရူနိုင်းနိုင်ငံတွင် ၁၉ ရက်မှ ၂၃ ရက်ထိ လည်ပတ်ခဲ့ကြောင်း သိရသည်။

**(သန့်ဇင်ဝင်း)**




လသာ-၂ မှ ကျောင်းသူလေးများ ပန်းဖွားအကဖြင့် နှုတ်ဆက်ဖျော်ဖြေနေစဉ်။

# ပြည်တွင်းရေးရာ

**✻ မြန်မာမှ**
အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့မှ တာဝန်ရှိသူများအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် နေ့အလိုက်အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲနှင့် အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ ဆုရရှိသူများအား အင်းဝဘဏ်လီမိတက်ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစောကလည်းကောင်း၊ Professional အဆင့်ပြိုင်ပွဲ ဆုရရှိသူများအား မြဝတီဘဏ်လီမိတက်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆန်းဦးကလည်းကောင်း၊ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ (ပထမ၊ဒုတိယ၊တတိယ)ဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က လည်းကောင်း၊ အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် (ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ)ဆု ရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေကလည်းကောင်း၊ Professional အဆင့်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်းကလည်းကောင်း၊ ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများဖြစ်သော နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံနှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သော ပွဲစဉ်ခြောက်ခု၌ အကောင်းဆုံးအပျော်တမ်းအဆင့် အမျိုးသမီးဆုရရှိသူ မယဉ်မေမျိုးနှင့် အကောင်းဆုံးအပျော်တမ်းအဆင့် အမျိုးသားဆုရရှိသူ ကိုမောင်မောင်ဦးတို့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ပွဲစဉ်တစ်လျှောက် Professional အဆင့်ပြိုင်ပွဲတိုင်းတွင် ဆုကြေးငွေအများဆုံးရရှိသူ (Order of Merit Award) Winner ဆုရှင် ကိုဇော်ဇော်လတ်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားသို့တက်ရောက်လာသော တာဝန်ရှိသူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယနေ့ကျင်းပသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲတွင် Professional အဆင့် ၂၀၊ အပျော်တမ်းအဆင့် အမျိုးသား ၂၀၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို နေပြည်တော်ရှိ Royal Myanmar ဂေါက်ကလပ်၊ ဒုတိယပွဲစဉ်ကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၊ တတိယပွဲစဉ်ကို မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကလပ်၊ စတုတ္ထပွဲစဉ်ကို ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင် ဂေါက်ကလပ်၊ ပဉ္စမပွဲစဉ်ကို ပုဂံမြို့ရှိ ပုဂံဂေါက်ကလပ်နှင့် နောက်ဆုံးပွဲစဉ်ကို နေပြည်တော်ဇေယျာသီရိ ဂေါက်ကလပ်တို့တွင် ကျင်းပခဲ့သည်။

ယခုကျင်းပသည့် ပြိုင်ပွဲသည် အနာဂတ်မျိုးဆက်သစ် ဂေါက်သီးအားကစားအကျော်အမော်များ ပေါ်ထွန်းလာစေရန်နှင့် မြန်မာ့ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

## ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်အဆောက်အအုံဖွင့်ပွဲ၊ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲနှင့် ပထမအကြိမ် မြန်မာ-ဂျပန် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**
ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ ပုသိမ် တက္ကသိုလ် အဆိုပါ အဆောက်အအုံသစ် မုခ်ဦးရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေနှင့် National Institute of Technology and Evolution (NITE)မှ Director Professor Dr. Katsuhiko ANDO တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ပုသိမ်တက္ကသိုလ် အနုပညာအသင်း ကျောင်းသားကျောင်းသူများက တိုင်းရင်းသားအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားပြီးနောက် ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ University of Tsukuba တို့မှ တက္ကသိုလ်အကြီးအကဲများက တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။**(အပေါ်ယာပုံ)**




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂျပန်နိုင်ငံ တက္ကသိုလ်များမှ ပညာရှင်များ ကိုယ်စား ကိုယ်စားလှယ်အဖွဲ့အား လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ပထမအကြိမ် မြန်မာ-ဂျပန်သုတေသနစာတမ်းဖတ်ပွဲအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ ဂျပန်နိုင်ငံတက္ကသိုလ်များမှ ပညာရှင်များနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်အသီးသီးမှ ပညာရှင်များ၊ ပါမောက္ခများ၊ ဆရာဆရာမများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊အမှတ်(၁) အခြေခံပညာ ဦးစီးဌာန(အောက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးတို့နှင့်အတူ ပုသိမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) နှင့် (၃)ကျောင်းများသို့ သွားရောက်၍ ကျောင်းဆောင်များ ပြုပြင်မွမ်းမံနေမှုတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ အမှတ် (၁) အခြေခံပညာဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ပုသိမ်ပညာရေးကောလိပ်သို့ ရောက်ရှိခဲ့ကြပြီး အမျိုးသားပညာရေးဥပဒေနှင့် ရေးဆွဲလျက်ရှိသောနည်းဥပဒေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပညာရေးအစီအစဉ်များ၊ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်း ဆွေးနွေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

**❖ ရွှေဖုံးမှ**
အဆိုပါ ပေါင်းလောင်းမြေအောက်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ပျဉ်းမနားမြို့နှင့် နေပြည်တော်မြို့တို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး ပျဉ်းမနားမြို့နှင့် ၁၁ မိုင်ကွာဝေးသည်။ ပေါင်းလောင်းမြေအောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အကျယ်အဝန်းသည် ၁၆၉၂ စတုရန်းမိုင်ရှိပြီး စက်တပ်ဆင်အားမှာ ၂၈၀ မဂ္ဂါဝပ်ဖြစ်ကြောင်း သိရသည်။

ယင်းပေါင်းလောင်းမြေအောက်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မြန်မာနိုင်ငံ၏ ပထမဆုံးမြေအောက်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖြစ်ပြီး နော်ဝေနိုင်ငံမှ လျှပ်စစ်ဆိုင်ရာပညာရှင်များ လာရောက်လေ့လာခဲ့ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ စက်ရုံမှူး ဦးကိုကိုနိုင်တို့က ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံလည်ပတ်မှုကို ရှင်းပြခဲ့ပြီး နိုင်ငံတော်မဟာဓာတ်အားလိုင်းသို့ ဓာတ်အားပို့လွှတ်နေသော ဗဟိုထိန်းချုပ်ခန်း၊ သုတေသနနှင့် ဓာတ်ခွဲခန်းများကို လေ့လာကာ အပေါ်ပေါင်းလောင်းဆည်သို့ တက်ရောက်လေ့လာခဲ့ကြသည်။

နော်ဝေနိုင်ငံမှ လျှပ်စစ် ပညာရှင်များအနေဖြင့် လျှပ်စစ်စွမ်း အားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ Hydropower in Myanmar - A Framework for Accelerated Pro-duction ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုနေ(ကြေးမုံ)**
**ဓာတ်ပုံ-ရာမည(ကြေးမုံ)**

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဥပဒေကြမ်းများ

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဒီဇင်ဘာ ၂ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)၊ (၁၆) တို့တွင် "လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း" ကို ဖော်ပြသွားပါမည်။

ဆက်လက်၍ (က)မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်(ခ)တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းများကို ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ကြေးမုံသတင်းစာတွင် ဆက်လက်ဖော်ပြသွားပါမည်။



## ကျန်းမာရေးအခမဲ့ကွင်းဆင်းကုသပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အခမဲ့ကွင်းဆင်းဆေးကုသခြင်းကို ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးလက်ကျန်းမာရေးဌာနအပိုင် အောင်သီရိကျေးရွာ၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီက ဆောင်ရွက်ပေးခဲ့ပြီး သပြေစမ်းကျေးရွာတွင် ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဒေါက်တာနန်းကျော့ခိုင်၊ကျန်းမာရေးအရာရှိ ဒေါက်တာသီဟသန်း၊ သွားဆရာဝန်ဒေါက်တာသစ်သစ်နှင့် ဆေးရုံမှ ဝန်ထမ်းများ၊ အခြေခံကျန်းမာရေး ဝန်ထမ်းများက ဒေသခံများအား သွေးအုပ်စုများခွဲပေးခြင်း၊ သွားရောဂါနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးခြင်း၊ အခြားရောဂါဝေဒနာများအား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းကလည်း ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာ RHC အပိုင် ရန်အောင်ကျေးရွာတွင် ပျို့ရွယ်သူကျန်းမာရေးနှင့်သားဆက်ခြားကျန်းမာရေး ဟောပြောခဲ့ပြီး သားဆက်ခြားဆေးများ အခမဲ့ထိုးပေးခြင်း၊ ဖြန့်ဝေပေးခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

**❖ ဘတ်စ်ကားမှ**
ယခုလို သီးခြားဘတ်စ်ကား ယာဉ်လိုင်းအတွက် ကွန်ကရစ်ကပ်တုံးများချထားမှုနှင့်ပတ်သက်၍ အငှား (Taxi) ယာဉ်မောင်းတစ်ဦးဖြစ်သူ အင်းစိန်ရွာမနေ ကိုကျော်စိုးက "ဘတ်စ်ကားတွေအတွက် အလွန်ပင်ကောင်းပါတယ်။ ခရီးသည်တွေအတွက်လည်း အဆင်ပြေအန္တရာယ်ကင်းသလို ယာဉ်မောင်းတွေစည်းကမ်းလိုက်နာမှုရှိလာမှာဖြစ်တယ်။ နောက်ပြီး လမ်းလယ်ဘတ်စ်ကား တားစီးမှုများကိုလည်း အန္တရာယ်ကင်းလျော့နည်းသွားတာပေါ့။ ယာဉ်ငယ်များအတွက် စိတ်ပူစရာမလိုဘဲ လိုရာခရီးကို လျင်မြန်စွာ မောင်းနှင်နိုင်မှာဖြစ်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

ကွန်ကရစ်ကပ်တုံးများညာဘက်ယာဉ်ကြောတစ်လျှောက်ချထားမှုကို ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးစောင့်ကြည့်နေမှုနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ "ကျွန်တော်တို့ကတော့ စမ်းသပ်ဘတ်စ်ကားလိုင်း ယာဉ်ကြောကို အတွင်းထဲရောက်အောင် ပြသပေးတာရယ်။ ဘတ်စ်ကားခရီးသည်အတင်အချ၊ လျင်မြန်မှုနဲ့ နှေးကွေးမှုအပေါ် စောင့်ကြည့်နေတဲ့ အနေအထားပဲရှိပါတယ်။ ကပ်တုံးတွေအားလုံး အနော်ရထာလမ်းတစ်လျှောက်ချပြီးရင်တော့ ခရီးသည် အတင်အချစနစ်ကို အခုထက် သာလွန်အောင်လုပ်ဆောင်ဖို့ အစီအမံများရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးယာဉ်ထိန်းရဲတစ်ဦးက ပြောကြားသည်။

ကွန်ကရစ်ကပ်တုံးများအား အနော်ရထာလမ်းပေါ်တွင် စတင်ချထားမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ACE ဦးအောင်ဌေးတိုးထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းကြည့်ရာ "အခုချထားတဲ့ ကွန်ကရစ်ကပ်တုံးတွေကို အနော်ရထာလမ်း၊ ဗိုလ်တထောင်ဘုရားလမ်းမှ ကျုံးကြီးလမ်းအထိ ချသွားမှာဖြစ်တယ်။ ဒါဟာ ရှေ့ပြေးစမ်းသပ်ခြင်းဖြစ်တယ်။ အောင်မြင်မှုနဲ့ ပြည်သူများရဲ့တုံ့ပြန်မှုဟာ ဘယ်လိုရှိသလဲဆိုတာရယ်၊ ဘတ်စ်ကားလိုင်းသီးသန့်သွား ခွင့်ရပေမယ့် ယာဉ်ငယ်များနဲ့ ဘတ်စ်ကားစီးသူအတွက် ဘယ်လောက်အကျိုးဖြစ်ထွန်းပြီး ယာဉ်ကျပ်တည်းမှုဘယ်လောက်လျော့နည်းသလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ အခုစမ်းသပ်တဲ့စီမံကိန်းကို ကျွန်တော်တို့ YCDC တစ်ခုတည်းက လုပ်တာမဟုတ်ပါဘူး၊ ကွန်ကရစ်ကပ်တုံးများချခြင်း အစီအစဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မထသနဲ့ အခြားယာဉ်စည်းကမ်း လမ်းစည်းကမ်း ကျွမ်းကျင်ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာဖြစ်တယ်။ အနော်ရထာလမ်း စမ်းသပ်ချက်အောင်မြင်မှုရရှိရင် မြို့တွင်းညာဘက်မျဉ်းဝါလိုင်းအားလုံးကို ချထားဖို့ အစီအစဉ်ရှိပါတယ်။ အနော်ရထာလမ်းမှ ဗိုလ်ချုပ်လမ်းကြားဖြတ်လမ်းများကို ကွန်ကရစ်ကပ်တုံးများချထားခြင်းမရှိဘဲ ယာဉ်အထက်အောက်စီးဆင်းနိုင်အောင် စီစဉ်ထားပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ မထသအငြိမ်းစား ဝန်ထမ်းတစ်ဦးက ရန်ကုန်တိုင်းဒေသကြီးတွင် ခရီးသည်တင်ဘတ်စ်ကားလိုင်း ၃၀၀ ကျော်ရှိပြီး မြို့တွင်းပြေးဘတ်စ်ကား အစီးရေ ၆၀၀၀ ဝန်းကျင်ကို စနစ်တကျထိန်းသိမ်းနိုင်မည်ဆိုပါက ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု အထိုက်အလျောက်လျော့နည်းသွားမည်ဖြစ်ပြီး ယာဉ်မောင်းများလည်း စည်းကမ်းလိုက်နာမှု အသိပညာများ တိုးပွားလာမည်ဖြစ်ကြောင်း ပြောပြသည်။

**(စောသိန်းဝင်း)**

# အစိုးရအဖွဲ့ သစ်ကာလအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

ငါးကဏ္ဍ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ခြင်း** | ❖ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစ၍ရေထွက်ပစ္စည်းတင်ပို့ခြင်းအတွက် အခွန်ငွေ ၁၀% မှ ၂% သို့ လျှော့ပေါ့ပေးခဲ့ပါသည်။<br>❖ ကော့သောင်းဒေသတွင် ပြည်တွင်းငါးသယ်ရေယာဉ်များအား LC/TT စနစ်ဖျက်သိမ်းပေးပြီး မြန်မာကျပ်ငွေဖြင့် တင်ပို့ခွင့်ပြုခဲ့ပါသည်။<br>❖ Container တစ်လုံးချင်းအလိုက် Container တင်စဉ် စစ်ဆေးခြင်းအား ဆောင်ရွက်ခြင်းမပြုတော့ဘဲ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံများတွင်သာ (၁)လ တစ်ကြိမ် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။<br>❖ Border Trade နှင့် Normal Trade တင်ပို့မှုများအတွက် နိုင်ငံတော်သို့ ပေးသွင်းရမည့် စစ်ဆေးခများဖြစ်သည့် Physical နှင့် Micro စစ်ဆေးခများအတိုင်း လုပ်ငန်းရှင်များမှ တစ်နေရာတည်းတွင် ပေးသွင်းနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန ကြို့ကုန်းတစ်နေရာတည်းတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။<br>❖ လေကြောင်းဖြင့် ပြည်ပတင်ပို့သည့် ရေထွက်ပစ္စည်း(အရှင်)များကို FIQC ဌာနခွဲနှင့် မွေးမြူရေးဌာနခွဲတို့ ပူးပေါင်း၍ အဖွဲ့(၁)ဖွဲ့တည်းဖြင့် စစ်ဆေးပေးလျက်ရှိပါသည်။<br>❖ Container တစ်လုံးချင်းအလိုက်တင်ပို့စဉ် စစ်ဆေးခြင်းမပြုတော့သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တင်ပို့မည့် Container တစ်လုံးချင်းအလိုက် တင်ပို့မှုအား ငါးလုပ်ငန်းဦးစီးဌာန FIQC ကြို့ကုန်းတွင် တင်ပြစေခြင်းဖြင့် စာရင်းဇယားရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။<br>❖ Health Certificate ထုတ်ပေးခြင်းအား FIQC ကြို့ကုန်းရုံး နေရာတစ်ခုတည်းတွင် ဆောင်ရွက်ပေးလျက်ပြီး FIQC ဌာနခွဲမှ ညွှန်ကြားရေးမှူး(သို့) ဒုတိယညွှန်ကြားရေးမှူး (သို့) လက်ထောက်ညွှန်ကြားရေးမှူးတို့က လက်မှတ်ရေးထိုးထုတ်ပေးလျက်ရှိပါသည်။<br>❖ Catch Certificate ကို ကြီးကြပ်/အခွန်ဌာနခွဲမှ ညွှန်ကြားရေးမှူး (သို့) ဒုတိယညွှန်ကြားရေးမှူး (သို့) လက်ထောက်ညွှန်ကြားရေးမှူးတို့မှ လက်မှတ်ရေးထိုးထုတ်ပေးလျက်ရှိပါသည်။ |
| ၂။ | **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု** | ❖ ချောင်းသာ ပုစွန်သားဖောက်စခန်းအား ပြည်ပပုဂ္ဂလိကနှင့် ဖက်စပ်ထုတ်လုပ်၍ ပုစွန်ဖြူများ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ရေချိုငါးဥယျာဉ်အား ပုဂ္ဂလိကသို့လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။<br>❖ ငါးဖမ်းရက်အား ၆၀ မှ ၉၀ အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။<br>❖ ရေချိုငါးလုပ်ငန်းဥပဒေစီမံခန့်ခွဲခွင့်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးခဲ့ပါသည်။<br>❖ CMP များအတွက် ကုမ္ပဏီ(၁၂)ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။<br>❖ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မတည်ဆောင်ရွက်မှုဖြင့် တစ်နိုင်တစ်ပိုင် Barkyard Hatchery (၆၂)လုံးအား တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခုတွင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။<br>❖ မြေယာအသုံးချမှုမူဝါဒ၊ အစီအမံနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့နှင့်အညီ မြေမဲ့ယာမဲ့ပြည်သူများအတွက် မြို့မြေ၊ ရွာမြေအခင်းအကျင်းများ စီမံချထားရေးနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အောင်ဟိတ်နှင့် စွန်သိုက်ကျေးရွာအုပ်စုတို့မှမြေဧက(၈. ၄၄)အား သက်ဆိုင်ရာ တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ |
| ၃။ | **Capacity Building တည်ဆောက်ခြင်း** | ❖ ကမ်းဝေးငါးဖမ်းရေယာဉ်မှ ရေလုပ်သားများအား အသက်အာမခံထားရှိစေနိုင်ခဲ့သည့်အပြင် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးလုပ်ငန်းသင်တန်းကျောင်း (၃)ကျောင်းမှ ၂၀၁၁-၁၂ ခုနှစ်တွင် ဌာနတွင်းသင်တန်းသား (၁၂၄)ဦး၊ ပြင်ပသင်တန်းသား (၁၁၉၂)ဦးတို့ဖြင့် သင်တန်း(၂၇)ကြိမ်၊ ၂၀၁၂-၁၃ ခုနှစ်တွင်၊ ဌာနတွင်းသင်တန်းသား (၉၅)ဦး၊ ပြင်ပသင်တန်းသား (၁၀၁၆)ဦးတို့ဖြင့် သင်တန်း(၃၀)ကြိမ်၊ ၂၀၁၃-၁၄ခုနှစ်တွင်၊ ဌာနတွင်းသင်တန်းသား (၅၆)ဦး၊ ပြင်ပသင်တန်းသား (၆၂၄)ဦးတို့ဖြင့် သင်တန်း(၂၃)ကြိမ်၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဌာနတွင်းသင်တန်းသား(၄၅)ဦး၊ ပြင်ပသင်တန်းသား (၁၂၃)ဦးတို့ဖြင့် သင်တန်း(၆)ကြိမ် သင်တန်းဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။<br>❖ ငါးလုပ်ငန်းအရည်အသွေးစစ်ဆေးရေးဆိုင်ရာ သင်တန်းများအား ၂၀၁၁-၁၂ ခုနှစ်တွင် သင်တန်းသား(၂၁)ဦး၊၂၀၁၂-၁၃ခုနှစ်တွင် သင်တန်းသား(၁၄၈)ဦး၊ ၂၀၁၄-၁၅ခုနှစ်တွင် သင်တန်းသား (၇၅)ဦးတို့ဖြင့် သင်တန်း(၃)ကြိမ်၊ ၂၀၁၁-၁၂ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော EU အကူအညီဖြင့် ဌာနတွင်ဝန်ထမ်း(၁၇)ဦးနှင့် ၂၀၁၄-၁၅ခုနှစ်တွင် FAO အကူအညီဖြင့်ဌာနတွင်းဝန်ထမ်း(၁၀၄)ဦးတို့အား ဓာတ်ခွဲခန်းဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ခဲ့ပြီး၊ FAO အကူအညီဖြင့် ဌာနတွင်းဝန်ထမ်း(၂၄၃)ဦး၊ ပြင်ပသင်တန်းသား (၅၀)ဦး၊ ARISE အကူအညီဖြင့် ဌာနတွင်းဝန်ထမ်း(၄၃)ဦးတို့အား ငါးလုပ်ငန်းအရည်အသွေးစစ်ဆေးရေးဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။ |
| ၄။ | **စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာသားငါးစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု** | ❖ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ACIAR, KOICA, FAO, IUCN, JICA, UNIDO တို့နှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ခဲ့ပါသည်။<br>❖ စူတန်ငါးနှင့်တောင်ပေါ်ငါးသလောက်များစမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည့်အပြင် မြိတ်ရေငန်သားဖောက်စခန်းမှ တန်ဖိုးမြင့် ငါးမွေးမြူထုတ်လုပ်နိုင်ရန်အတွက် ကျောက်ငါး၊ သားပေါက် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါသည်။<br>❖ သာကေတဓာတ်ခွဲခန်းအား ISO 17025: 2005 ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး မြို့နယ်ရုံးများ၊ Check Points များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။<br>❖ ပြည်ထောင်စုငါးလုပ်ငန်းဆိုင်ရာဥပဒေ(Comprehensive Union Fisheries Law)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၅။ | **သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး** | ❖ မြန်မာ့ပင်လယ်ပြင်တွင် Close Area, Close Season အား ညှိနှိုင်း၍ တိုးမြှင့်သတ်မှတ်ပေးနိုင်ခဲ့ပါသည်။<br>❖ မွန်ပြည်နယ်တွင် ကျောက်ပုစွန်သားဖောက်နေရာ ဧက(၇၀၀) ကျော်အား သယံဇာတ ထိန်းသိမ်းရေးအနေဖြင့် ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်နိုင်ခဲ့ပါသည်။<br>❖ သုတေသနသင်္ဘောဖြင့်ငါးလုပ်ငန်းနှင့် အဏ္ဏဝါဇီဝမျိုးကွဲပြားမှု စစ်တမ်းကောက်ယူခြင်းအား ဆောင်ရွက်နိုင်ခဲ့ပါသည်။ |

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | **တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး** | ❖ ပထမနှစ်ဝင်ခွင့် ဘွဲ့ကြိုကျောင်းသား/သူများကို **မူလ(၁၅၀)ဦး ဝင်ခွင့်ပြုခဲ့ရာမှ အစိုးရသစ်လက်ထက် ၂၀၁၀ ခုနှစ်မှစ၍ (၂၅၀)ဦးသို့ တိုးမြှင့်**ခေါ်ယူခဲ့ပြီး အနာဂတ်နိုင်ငံတော်၏ အရှည်တည်တံ့သော သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနှင့် တိရစ္ဆာန်ဆေးကုမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် တိရစ္ဆာန်ဆေးပညာဆိုင်ရာနှင့် မွေးမြူရေးဆိုင်ရာ ဘာသာရပ်အလိုက် အထူးပြုကျွမ်းကျင်သော ပညာရှင်များ မွေးထုတ်ပေးရန် ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီး တိရစ္ဆာန်ဆေးပညာရပ်များကိုသာ အထူးပြုသင်ကြားသော **တိရစ္ဆာန်ဆေးပညာဘွဲ့ (D.V.M)(၆)နှစ်သင်တန်း**အတွက် (၁၀၀)ဦးနှင့် မွေးမြူရေးပညာရပ်များကိုသာအထူးပြုသင်ကြားသော **မွေးမြူရေးပညာဘွဲ့ (B.A.Sc)(၄)နှစ်သင်တန်း**အတွက်(၁၅၀)ဦးခေါ်ယူပြီး သီးခြားစီ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်နှင့် လျော်ညီစွာ လုပ်ကိုင်ခွင့်ရရှိစေရန် OIE ၏ လမ်းညွှန်ချက်နှင့်အညီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲလျက်ရှိပါသည်။<br>❖ မူလက B.V.S /B.V.Sc၊ M.V.Sc နှင့် Ph.D ဘွဲ့တို့ကိုသာ အပ်နှင်းပေးခဲ့သော်လည်း ယခုအခါ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အစ္စရေးနိုင်ငံသို့ စေလွှတ်၍ လုပ်ငန်းခွင်သင်တန်း (၁၀)လ တက်ရောက်ပြီးသူများကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် သင်တန်း(၆)ပတ် တက်ရောက်စေပြီး သုတေသနစာတမ်းပြုစုစေကာ **မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဒီပလိုမာဘွဲ့ (Dip.L.I.S)**ကို အပ်နှင်းပေးခဲ့ပါသည်။<br>❖ ထို့အပြင် ကျေးလက်ဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်မည့် အလယ်အလတ်အဆင့် မွေးမြူရေးလုပ်ငန်းဝါသနာပါသူများ မွေးထုတ်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ မတ်လ(၄)ရက်နေ့မှ စတင်၍ မွေးမြူထုတ်လုပ်ရေးဘွဲ့လွန်ဒီပလိုမာသင်တန်းများကို နေပြည်တော်(ရေဆင်း)နှင့် ရန်ကုန် (အင်းစိန်)တို့တွင် သင်တန်းကျောင်း(၂)ခုဖွင့်လှစ်ပြီး စုစုပေါင်း သင်တန်းသား/သူ(၄၄၉)ဦးကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် **မွေးမြူထုတ်လုပ်ရေးဒီပလိုမာဘွဲ့ (Dip. L.P.A)**ကို အပ်နှင်းပေးခဲ့ပါသည်။ |
| ၂။ | **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု** | ❖ ကျောင်းသား/သူများ စိတ်ပျော်ရွှင်ချမ်းမြေ့ရေး၊ စာရိတ္တမြင့်မားရေး၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ရေးနှင့်သွားလာမှုလွယ်ကူစေရန်အတွက် (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ၊ ဖြည့်စွက်ခွင့်ပြုငွေများဖြင့် အောက်ပါအတိုင်း အဆောက်အအုံများကို ဆောက်လုပ်ပေးခဲ့ပါသည်-<br>❖ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မုခ်ဦးတည်ဆောက်ပြီး(၂၉-၁၂- ၂၀၁၃) ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။<br>❖ တက္ကသိုလ်၏အဓိကလမ်းမကြီးအား(၁၂)ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် တက္ကသိုလ်အဝင်တံတားမှ မူလကတ္တရာလမ်းဟောင်းအထိ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပါသဖြင့်(၂၉-၁၂-၂၀၁၃) ရက်နေ့တွင် လမ်းဖွင့်ပွဲပြုလုပ်ခဲ့ပါသည်။<br>❖ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၆၀ ပေ × ၄၉ ပေ RC (၂)ထပ် စာသင်ဆောင်နှင့် ၆၀ ပေ × ၄၆ ပေ RC (၂)ထပ် ကျောင်းသား/သူများ နားနေဆောင် ဆောက်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၄ ဒီဇင်ဘာလတွင် ဖွင့်ပွဲပြုလုပ်မည်ဖြစ်ပါသည်။<br>❖ ကျောင်းသား/သူများ သွားလာမှုလွယ်ကူစေရန်စာသင်ခန်းများ၊ လက်တွေ့ခန်းများ ပတ်ဝန်းကျင်တွင် ကွန်ကရစ်လျှောက်လမ်းများခင်းခြင်းနှင့် (၂)ထပ်စာသင်ဆောင် အသစ်ရှေ့တွင် ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။<br>❖ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ဘတ်ဂျက်ငွေဖြင့်အိပ်ဆောင်များ ပြုပြင်ဆေးသုတ်ခြင်း၊ ဘောလုံးကွင်း၊ ဘော်လီဘောကွင်းများ ပြုလုပ်ပေးခြင်း၊ ထမင်းစားဆောင် စားပွဲများ၊ အိပ်ဆောင်ခုတင်များ ပြုပြင်ပေးခြင်း၊ ဝန်ထမ်းလိုင်းများသို့ ရေပိုက်လိုင်း သီးခြားသွယ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။<br>❖ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေရရှိပါက ကျောင်းသား၊ကျောင်းသူ (၂၀၀)ဆံ့ (၅၆)ခန်းပါ RC (၂)ထပ်အိပ်ဆောင် (၃)ဆောင် ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ |

# ဆောင်းနမ်းရောက် ကျွန်တော်

ကိုရင်ညြ

ဆောင်းနမ်းမြို့သို့ နိုဝင်ဘာ ၉ ရက်တွင် ကျွန်တော် ရောက်ရှိခဲ့ပြီ။ ကျွန်တော်နှင့်အတူ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ အထက်တန်းအရာရှိများလည်း စုံစုံညီညီခရီးနှင်ခဲ့ကြသည်။ ဆောင်းနမ်းမြို့ဟူသည်ကား တောင်ကိုရီးယားနိုင်ငံ ကွမ်ကျီးပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည်။ လူဦးရေ တစ်သန်းခန့်နေထိုင်ရာ မြို့ကြီးလည်းဖြစ်သည်။ မြို့တော်ဆိုးလ်၏ အရန်မြို့အဖြစ်တည်ရှိသော မြို့ကြီးဟုလည်း ခေါ်တွင်နိုင်သည်။ မြို့တော်ဆိုးလ်အရှေ့တောင်ဘက်တွင် ဆောင်းနမ်းမြို့တည်ရှိပြီး ဆိုးလ်အမျိုးသားမြို့တော် ဧရိယာအတွင်း ပါဝင်သည်။

ဆောင်းနမ်းမြို့သည် တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံးအကြိမ် စနစ်တကျတည်ထောင်ခဲ့သော မြို့ကြီးများတွင် ပါဝင်သည်။ သမ္မတပတ်ချုံဟေးလက်ထက်က စက်မှုလုပ်ငန်းများအခြေစိုက်နိုင်မည့်မြို့အဖြစ် ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် မြို့ကိုတည်ဆောက်ခဲ့သည်။ အီလက်ထရွန်နစ်ပစ္စည်း၊ အထည်အလိပ်၊ ရေနံ ဓာတုဗေဒဆိုင်ရာ စက်ရုံများကို ၁၉၇၀ ပြည့်နှစ်လွန်နှင့် ၁၉၈၀ ပြည့်လွန်နှစ်ကာလများမှစ၍ ထူထောင်ခဲ့သည်။

ဆောင်းနမ်းမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လှသည်။ မြို့တော်ဆိုးလ်သို့လည်းကောင်း၊ အခြားမြို့ကြီးများသို့လည်းကောင်း အမြန်ဆုံးပို့ဆောင်ပေးမည့် လမ်းကွန်ရက်အလယ်ဗဟိုတွင် ဆောင်းနမ်းမြို့ တည်နေသည်။ မြို့တည်စကပင်လျှင် လမ်းများကို စနစ်တကျဖောက်လုပ်ထားခဲ့သည်။

ယနေ့ကာလတွင်မူ ဆောင်းနမ်းမြို့သည် မြို့တော်ဆိုးလ်နှင့်ပေါင်းစည်းဆက်နွယ်ထားသောမြို့ကြီးအဖြစ် ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့်တည်ရှိနေလေသည်။

ဆောင်းနမ်းမြို့၌ ဘန်ဒန်းအမည်ရှိ ရပ်ကွက်မှာ အများပြည်သူဆိုင်ရာကော်ပိုရေးရှင်းကြီးများနှင့်ပုဂ္ဂလိကကုမ္ပဏီများအခြေစိုက်ရာ ရပ်ကွက်ကြီးဖြစ်သည်။ ကိုရီးယားတယ်လီကွမ်းဟု သိရှိကြသည့် KT ကုမ္ပဏီ၊ ကိုရီးယားဓာတ်ငွေ့ကော်ပိုရေးရှင်း၊ ကိုရီးယားလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (KEPCO) နှင့်ကိုရီးယား မြေယာကော်ပိုရေးရှင်းတို့၏ မိုးမြင့်အဆောက်အအုံများကို ကျွန်တော်တွေ့မြင်ခွင့်ရခဲ့သည်။

ကိုရီးယားနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) က ကြီးမှူး၍ကိုရီးယားသမ္မတနိုင်ငံ၏ စည်ပင်သာယာရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကျွန်တော်တို့မြန်မာကိုယ်စားလှယ်အဖွဲ့လေ့လာခွင့်ရရှိခဲ့ကြသည်။

ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာ ၉ ရက်မှ ၂၂ ရက်အထိနေထိုင်ကာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးလုပ်ငန်းနှင့်ပတ်သက်၍ ဂဃနဏလေ့လာခွင့်ရရှိခဲ့ကြပြီး သတင်းသမားတစ်ဦးဖြစ်သည့် ကျွန်တော့်အတွက် မကြုံစဖူးထူးထူးကဲကဲဘဝအတွေ့အကြုံတစ်ရပ်ကိုရရှိခဲ့သည်ဟု ဆိုရလိမ့်မည်။

သန့်ရှင်းသောမြို့ပြ၊ စိမ်းလန်းစိုပြည်သော ရပ်ရွာဖြစ်ရန် ဦးတည်လှုပ်ရှားနေသော ကျွန်တော်တို့မြန်မာနိုင်ငံသည် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးလုပ်ငန်းကို ပိုမို၍ ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေချိန်တွင် သန့်ရှင်းသာယာလှပသော တောင်ကိုရီးယားနိုင်ငံ၌ လေ့လာခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးလုပ်ငန်းများကို လေ့လာခွင့်ရရှိခဲ့ကြပြီး သတင်းသမားတစ်ဦးဖြစ်သူ ကျွန်တော့်အတွက် တောင်ကိုရီးယား အတွေ့အကြုံအပေါ်အခြေခံကာ မြန်မာမိဘပြည်သူများအား စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးနှင့် ပတ်သက်၍ အသိပညာပေးဆောင်းပါးများကိုရေးသားနိုင်ရန် ထူးခြားလှသည့် အခွင့်အလမ်းတစ်ရပ်ကိုရရှိခဲ့ပါသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကိုရီးယားပါမောက္ခတို့ ရင်းရင်းနှီးနှီး နှီးနှောဖလှယ်ကြစဉ်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဘာသာရပ်နှင့်ပတ်သက်၍ ဉာဏ်သစ်လောင်းမှုဖြစ်ပေါ်စေရန် ကိုရီးယားနိုင်ငံတကာ ပူပေါင်းဆောင်ရွက်ရေးအေဂျင်စီ(ကွေကာ)နှင့် ကိုရီးယားသဘာဝပတ်ဝန်းကျင်ကော်ပိုရေးရှင်းတို့၏ အစီအစဉ်အရ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့၏ လေ့လာရေးအစီအစဉ်အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းတင်လိုပါသည်။

ကျွန်တော်တို့ ရောက်ရှိနေသည့် မြို့သည် မြို့တော်ဆိုးလ်အရှေ့တောင်ဘက် ၂၆ ကီလိုမီတာ(၁၆ ဒသမ ၂ မိုင်)အကွာ၌ တည်ရှိပြီး ဟန်မြစ်နှင့်မဝေးကွာလှပေ။ ၁၉၇၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် မြို့ကြီးအဆင့်အဖြစ် သတ်မှတ်ခံခဲ့ရသော ဆောင်းနမ်းမြို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၌ စံနမူနာပြသနိုင်စွမ်းရှိသည့် မြို့အဖြစ် ရပ်တည်နေသည်။

၅၄ ဒသမ ၇၁ စတုရန်းမိုင်ကျယ်ဝန်းသော ဆောင်းနမ်းမြို့သည် သာယာရှုမောဖွယ်ရာမြို့အဖြစ် အေးချမ်းလှပစွာ တည်ရှိနေသည်။

ဆောင်းနမ်းမြို့သို့ရောက်ရှိလာသည့်အခိုက် ကျွန်တော့်အနေဖြင့် ပထမဆုံးစိတ်ခံစားမှုမှာ သိဂ်ါရရသဖြစ်သည်။ သဘာဝပတ်ဝန်းကျင်မပျက်ခရီးဆက်နေသည့် လူနေမှုမြို့ပြဒေသ၏ နှစ်သက်ဖွယ်ဂုဏ်ဒြပ်ကို ဖော်ကျူးလေသည်။

ကွေကာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန၏ အဆောက်အအုံနယ်မြေမှာ ကမ္ဘာ့ဒေသအသီးသီးမှ လာရောက်ကြသော လေ့လာရေးသင်တန်းသားများ စုဝေးရာနေရာဖြစ်သည်။ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ လက်တင်အမေရိကနှင့် တောင်အမေရိကဒေသ၊ ဥရောပအရှေ့ပိုင်းနှင့် CIS နိုင်ငံများ ပါဝင်သော ဒေသတို့မှ ဖြစ်သည့် ကမ္ဘာ့လူမျိုးပေါင်းစုံ ကျင်လည်ရာမြို့ကြီး (Metropolitan City) ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ကျွန်တော်စေ့ငုနေမိသည်။

ကွေကာဌာနချုပ်ရုံး၏ နှီးနှောဖလှယ်ပွဲပြုလုပ်သည့် အခန်းများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဘာသာရပ်ကျွမ်းကျင်သူပညာရှင်များ ရင်းရင်းနှီးနှီး ဆွေးနွေးနေကြသည်ကို တွေ့မြင်ခွင့်ရရှိခဲ့သည်။

ကွေကာသည် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လျက်ရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးနိုင်ရေးအတွက် ကွေကာသည်ရှေ့တန်းမှ ရပ်တည်နေသည်။ ကွေကာ အသိုက်အဝန်းအတွင်းသို့ ကျွန်တော်ဝင်ရောက်လေ့လာခွင့်ရရှိခဲ့ပြီး ယင်းအဖွဲ့အစည်း၏ လှုပ်ရှားဆောင်ရွက်ချက်တစ်စိတ်တစ်ဒေသကို ကျွန်တော်လေ့လာမိသည်။

ကွေကာသည် အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ပင်လယ်ရပ်ခြားနိုင်ငံများအား အကူအညီပေးနေသည့်အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းငန်းများကို အဓိကဆောင်ရွက်လျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ် မတ်လတွင် နိုင်ငံတကာဖွံ့ဖြိုးရေးပညာရေးအကယ်ဒမီကို ဖွင့်လှစ်ခဲ့သည်။

**ကိုရီးယားစစ်ပွဲဒဏ်မှ လူးလွန့်ရုန်းထခဲ့သော တောင်ကိုရီးယားနိုင်ငံသည် တစ်ချိန်တစ်ခါက ပြည်ပအကူအညီအပေါ် မှီခိုခဲ့ရသည့် နိုင်ငံဘဝမှ ယနေ့ကာလတွင် အလှူရှင်နိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။** တောင်ကိုရီးယားနိုင်ငံသည် OECD အဖွဲ့၏ ဖွံ့ဖြိုးမှုအကူအညီပေးရေးကော်မတီတွင် ပါဝင်ခဲ့ပြီးနောက် ပင်လယ်ရပ်ခြားဖွံ့ဖြိုးရေးအကူအညီဆိုင်ရာ မူဝါဒကို ချမှတ်ကျင့်သုံးလာခဲ့သည်။

ကွေကာဥက္ကဋ္ဌမစ္စတာ ကင်ယောင်မွတ်သည် မြန်မာနိုင်ငံသို့ စက်တင်ဘာလအတွင်း လာရောက်ခဲ့သည်။ လက်ရှိကွေကာဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ မစ္စတာကင်သည် နေပြည်တော်၌ မြန်မာခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့သည်။ လာမည့်နှစ်များတွင် တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံအား ဖွံ့ဖြိုးရေးအကူအညီများ ပိုမိုပေးအပ်သွားရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။

ကွေကာသည် မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများအတွက် အကူအညီပေးလျက်ရှိသည်။ စိုက်ပျိုးရေး၊ ဆည်မြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းကဏ္ဍတွင် အကူအညီပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်နေသည်ဟု လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၌ Polytechnic တက္ကသိုလ်ဖွင့်လှစ်နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရတို့ သဘောတူညီချက်မူကြမ်းရေးဆွဲခဲ့ကြပြီး ဇွန်လအတွင်းက အတည်ပြုနိုင်ခဲ့သည်ဟု သိရပါသည်။ ။




ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ဥပစာမြင်ကွင်း။

---



## ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် စင်ကာပူနိုင်ငံ FORTIS SURGICAL HOSPITAL တို့ ပူးပေါင်း၍ ခွဲစိတ်မှုများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဇမ္ဗူသီရိဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် စင်ကာပူနိုင်ငံ FORTIS SURGICAL HOSPITAL တို့ ပူးပေါင်း၍ ရောဂါဝေဒနာရှင်များအား ဝမ်းဗိုက်မှ အပေါက်ငယ်ဖောက်၍ မှန်ပြောင်းဖြင့်ခွဲစိတ်ပေးခြင်းကို နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင်ပြုလုပ်ပေးခဲ့သည်။**(ဓါတ်ပုံ)**

ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများကို စင်ကာပူနိုင်ငံ FORTIS SURGICAL HOSPITAL မှ ခွဲစိတ်အထူးကု ဆရာဝန်ကြီး Dr. Francis Seow Choen, Dr.Koh Poh Koon တို့နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးထက်ကျော်တို့ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် ဝန်ကြီးဌာနများရှိ စအို၊ အူမကြီးကင်ဆာ၊ သည်းခြေအိတ်ကျောက်တည်ခြင်းနှင့် လိပ်ခေါင်းရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**(ရွှေကူကို)**

◆◆◆◆◆



# ကျိုက်ထီးရိုးရင်ပြင်တော်၌ စုပေါင်းလှူဒါန်းမည့် နိဗ္ဗာန်ဈေးပွဲတော်

**ကျိုက်ထို နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ ဒီဇင်ဘာ ၃ ရက်တွင် နိဗ္ဗာန်ဈေးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကင်မွန်းချောင်း(တောင်ခြေ)တွင် တောင်တက်မော်တော်ယာဉ်အသင်းနှင့် ဈေးသူဈေးသားများ၊ ဈေးဆိုင်ပိုင်ရှင်များ၊ စေတနာထက်သန်သူများက စုပေါင်းပါဝင်ကာ လှူဒါန်းကြမည်ဖြစ်သည်။ ရင်ပြင်တော်ပေါ်တွင်လည်း ရင်ပြင်တော်ဈေးသူဈေးသားများနှင့် ပထမရိုးရိုးလေးကုမ္ပဏီတို့ စုပေါင်း၍ လှူဒါန်းမည့် နိဗ္ဗာန်ဈေးပွဲတော်ကြီးကို စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း ရိုးရိုးလေးကုမ္ပဏီမှ ဦးသိန်းနိုင်ထံက သိရသည်။

ရင်ပြင်တော်ပေါ်တွင် ဒံပေါက်ဘူးများ၊ ရေသန့်ဘူးများ၊ အချိုရည်ပုလင်းများပေးဝေခြင်းနှင့်အတူ ရေခဲမုန့်များ ကျွေးမွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနေ့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဘုရားဖူးလာသူများအား ရိုးရိုးလေးမိသားစုက အထူးယာဉ်ကြီးငါးစီးဖြင့် ကျိုက်ထီးရိုးဘောဘောရေတံခွန်သို့ တစ်နေကုန် အခမဲ့ပို့ဆောင်ပေးမည့် အစီအစဉ်များရှိကြောင်း၊ ဘုရားဖူး ပရိသတ်ကြီးကို အထူးမေတ္တာတုံ့ပြန်သော ဝန်ဆောင်မှုများဖြစ်ကြောင်း ဦးသိန်းနိုင်(ရိုးရိုးလေးကုမ္ပဏီ)က ပြောကြားသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

# ရက်ကန်းရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံပန္နက်ရိုက်

**လှိုင်းဘွဲ့ နိုဝင်ဘာ ၃၀**

လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ၊ သစ္စာအေးမြိုင်ကျေးရွာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ် ရန်ပုံငွေဖြင့် ရက်ကန်းရုံ အဆောက်အအုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံပန္နက်ရိုက်ခြင်းကို နိုဝင်ဘာ ၂၈ ရက်တွင် အဆိုပါ အဆောက်အအုံမြေနေရာ၌ ပန္နက်တင်ခြင်းအခမ်းအနားကို ကျင်းပသည်။

ရွှေဦးစွာ ရက်ကန်းရုံအဆောက်အအုံအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးနှင့် မြိုင်ကြီးငူအထူးဒေသ မြို့ပြ အုပ်ချုပ်ရေးမှူးတို့က ပန္နက်တိုင်အား စိုက်ထူပေးကြသည်။ ဆက်လက်၍ ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံ အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး၊ မြိုင်ကြီးငူအထူးဒေသ တိုက်နယ်ဆရာဝန်နှင့် မြိုင်ကြီးငူအထူးဒေသ မြို့ပြအုပ်ချုပ်ရေးမှူးတို့က ပန္နက်တိုင်ကို စိုက်ထူပေးကြသည်။

အဆိုပါ အဆောက်အအုံများတွင် ရက်ကန်းရုံကို နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ်သန်း ၇၀ ဖြင့် M.G.C.T ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး အဆောက်အအုံအရွယ်အစားမှာ ပေ(၁၂၀×၃၆) ဖြစ်သည်။ ကျေးလက်ကျန်းမာရေးဌာနခွဲအား နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် သိလင်းဟန်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ပြန်/ဆက်)**



# ပဲခူးဘုန်းတော်ကြီးသင် မူလွန်ကျောင်း၌ ရန်ကုန်မှပရဟိတအသင်း ထောက်ပံ့လှူဒါန်း

**ပဲခူး နိုဝင်ဘာ ၃၀**

ပဲခူးမြို့ ဥသျှောင်မြို့သစ်(၇/၄)တွင်တည်ရှိသော နန်းဦးပုညရှင်ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ မေတ္တာပေါင်းကူးပရဟိတကူညီမှုအသင်းမှ ဦးကျော်ဇင်ဌေး ဦးဆောင်သည့် အဖွဲ့ဝင် ၆၀ ကျော်သည် သူငယ်တန်းမှ ပဉ္စမတန်းထိ ကျောင်းသားကျောင်းသူ ၂၁၀ တို့အား စာရေးကိရိယာပစ္စည်းအစုံ၊ အဝတ်အထည်များ အတန်းလိုက်ပေးဝေခဲ့ကြပြီး ဆန် ၁၀ အိတ်၊ အလှူငွေ ၁၅ သိန်း စုစုပေါင်း ၂၂၁၀၀၀၀ ကျပ်တိတိအား ပဓာနနာယက ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်ထံ လှူဒါန်းခဲ့ကြသည်။

"ယခုလို လူငယ်တွေ တစ်နှစ်ထက်တစ်နှစ် ပရဟိတစိတ်ဓာတ်များ ပိုမိုပြန့်ပွားတိုးတက်လာတာ အလွန်ပဲဝမ်းမြောက် ဂုဏ်ယူသလို ဒီလိုစိတ်ဓာတ်တွေ လူအများမှာရှိလာခဲ့ရင် သာသနာကြီးဟာလဲ အဓွန့်ရှည်လာမှာဖြစ်ပါတယ်" ဟု ဆရာတော်က မိန့်ကြားခဲ့သည်။

ယင်းပရဟိတအသင်းမှာ အသင်းဝင်တစ်ဦးလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် လစဉ်စုဆောင်းခဲ့ကြပြီး တစ်နှစ်ကို သုံးကြိမ်လှူဒါန်းခဲ့ကြရာ ဧရာဝတီတိုင်းဒေသကြီးတွင် ပထမအကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒုတိယအကြိမ်၊ ယခု ပဲခူးတိုင်းဒေသကြီးတွင် တတိယအကြိမ် လှူဒါန်းခဲ့ကြောင်း အဖွဲ့ခေါင်းဆောင်က ရှင်းလင်းပြောကြားခဲ့သည်။

**မျိုးသိန်း(ပဲခူး)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**မော်လမြိုင် နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ပေါင်မြို့နယ် ဥက္ကံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို နိုဝင်ဘာ ဒုတိယပတ်က ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းဝေဖြိုးနှင့် ရုံးအဖွဲ့ဝန်ထမ်းများသည် စီမံကိန်းလုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ငွေစာရင်းရေးသွင်းနည်းများကို ရှင်းလင်းပို့ချပေးခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

ဥတုရာသီ
တောကိုမှီ၏



# ဇေယျာသီရိမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုကွင်းအမှတ် ၁၅၈၉၊ ဦးပိုင်(၁၆၄) တောင်သူကြီး ဦးလှဖေ၏ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကတွင် စံကွက်ရိတ်သိမ်းခြင်းအား နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီကကျင်းပသည်။

ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကရိတ်သိမ်းရာတွင် (သင့်)အဆင့် ၁၃၉ ဒသမ ၄၅ တင်းထွက်ရှိကြောင်းနှင့် အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ တိုင်းစိုက်ပျိုးရေးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးညွန့်ထွေး၊ စိုက်ပျိုးရေးနှင့်မြေစာရင်း ဝန်ထမ်းများ၊ တောင်သူများတက်ရောက်ခဲ့ကြောင်းသိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အသိပညာပြန့်ပွားရေး ကွင်းဆင်းဟောပြောဆွေးနွေး

**ညောင်တုန်း နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာ ဗဟုသုတပြန့်ပွားရေး ပညာပေး ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကြိမ်ချောင်း ကျေးရွာ အုပ်စုအတွင်းရှိ ထော်ကလို့ ကျေးရွာ မူလွန်အမကတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစိန်ကြည်ဦးက ကျောင်းသားကျောင်းသူများ၏ ပညာရည်တိုးတက်မြင့်မားရေးကိစ္စရပ်များနှင့် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) ကို ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန္တာဦးက ကလေးသူငယ်များနှင့် အမျိုးသမီးငယ်များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ကျေးရွာများတွင် စာကြည့်တိုက်များ ဆောက်လုပ်ရေးကိစ္စရပ်များကိုလည်းကောင်း၊ စက်တော့ကျေးရွာမှ ကျန်းမာရေးမှူး ဦးသန်းစိုးက ဒီဇင်ဘာ ၂၅ ရက်တွင် ဒုတိယအကြိမ် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ရခြင်းအကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးကိစ္စရပ်များကို လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြပြီး ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ အလားတူ ကြိမ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ အင်းမ၊ ကျုံပလောင်၊ အုန်းပင်စု၊ သေန့်ချောင်းကျေးရွာ အမကများနှင့် စက်တော့တောင်ကျေးရွာအုပ်စုရှိ အလယ်တန်းကျောင်းများသို့ ဆက်လက်ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၇၆)**

# အနိမ့်ဆုံး အပူချိန်စံချိန်သစ်

နိုဝင်ဘာ ၂၉ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အနိမ့်ဆုံးအပူချိန်စံချိန်သစ်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | စခန်းအမည် | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | | |
| ၁။ | ပင်လောင်း | ၀. ၄ | ၃၂. ၇ | ၁. ၂ | ၃၄. ၂ | ၃၀. ၁၁. ၁၉၈၂ | ၄၈ |

# ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ )
၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၄ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ ပါ "ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်" ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရရှိစေရန်နှင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရာတွင် ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကိုးကွယ်ရာဘာသာ** ဆိုသည်မှာ သူတစ်ဦးက မိမိယုံကြည်ရာအလိုက် ကိုးကွယ်သောဘာသာကို ဆိုသည်။

(ခ) **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း** ဆိုသည်မှာ သူတစ်ဦးက မိမိ၏ ယုံကြည်ရာအလိုက် ကိုးကွယ်လျက်ရှိသော ဘာသာကို စွန့်လွှတ်၍ အခြားကိုးကွယ်ရာဘာသာသို့ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းကိုးကွယ်ခြင်းကို ဆိုသည်။

(ဂ) **ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ** ဆိုသည်မှာ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုနိုင်ရန် မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားသူကို ဆိုသည်။

(ဃ) **မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။

(င) **မှတ်ပုံတင်ရေးအဖွဲ့ရုံး** ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေတွင် သတ်မှတ်ထားသော ဌာနကိုဆိုသည်။

(စ) **သက်သေခံလက်မှတ်** ဆိုသည်မှာ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ကို ဆိုသည်။

**အခန်း (၂)**

**မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း**

၃။ မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (က) | မြို့နယ်သာသနာရေးမှူး<br>မြို့နယ်သာသနာရေးမှူးရုံး၊ | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်<br>အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဂ) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဃ) | အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာနက ရွေးချယ်သော ကိုးကွယ်ရာဘာသာ<br>အသီးသီးနှင့် သက်ဆိုင်သည့် မြို့မိ မြို့ဖလေးဦး၊ | အဖွဲ့ဝင် |
| (င) | မြို့နယ်ပညာရေးမှူးက တာဝန်ပေးအပ်သော<br>ပညာရေးဝန်ထမ်း တစ်ဦး၊ | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ | အဖွဲ့ဝင် |
| (ဆ) | လက်ထောက်မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား<br>မှတ်ပုံတင်ရေးဦးစီးဌာန။ | အတွင်းရေးမှူး |

၄။ မည်သူမဆို -

(က) မိမိကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာဘာသာတစ်ခုသို့ဖြစ်စေ လွတ်လပ်စွာ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။

(ခ) ကူးပြောင်းကိုးကွယ်ခွင့်ရရှိထားသည့် ကိုးကွယ်ရာဘာသာမှ မူလ မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။

၅။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် -

(က) အသက် (၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုခြင်း ဖြစ်ရမည်။

(ဂ) မိမိနှင့် သက်ဆိုင်သည့် အောက်ပါအချက်များ ဖော်ပြထားသော လျှောက်လွှာကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ တင်ပြရမည် -

(၁) အမည်၊
(၂) အသက်နှင့် မွေးသက္ကရာဇ်၊
(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊
(၄) နေရပ်လိပ်စာ၊
(၅) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊
(၆) မိခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊
(၇) ဇနီး သို့မဟုတ် ခင်ပွန်းရှိလျှင် ၎င်း၏ အမည်နှင့် ကိုးကွယ်ရာ ဘာသာ၊
(၈) လက်ရှိကိုးကွယ်ရာဘာသာ၊
(၉) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၊
(၁၀) ယခင်က ကိုးကွယ်ရာဘာသာကူးပြောင်းခဲ့ဖူးခြင်း ရှိမရှိ၊
(၁၁) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသည့်အကြောင်းရင်း။

၆။ မှတ်ပုံတင်ရေးအဖွဲ့ရုံးသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)အရ တင်ပြသည့် လျှောက်လွှာကို လက်ခံရရှိသည့်အခါ -

(က) လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်းရှိမရှိ စိစစ်ရမည်။

(ခ) လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံခြင်းမရှိပါက လိုအပ်ချက်ကို ရှင်းပြ၍ ဖြည့်စွက်တင်ပြစေရမည်။

(ဂ) လျှောက်လွှာတွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားကြောင်း စိစစ် တွေ့ရှိလျှင် မှတ်ပုံတင်စာရင်းရေးသွင်းပြီး အမှုတွဲဖွင့်လှစ်ရမည်။

(ဃ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား မှတ်ပုံတင်ရေးအဖွဲ့နှင့် တွေ့ဆုံ မေးမြန်းနိုင်ရေးအတွက် လျှောက်လွှာလက်ခံရရှိသည့်နေ့ရက်၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း သင့်လျော်သည့် နေ့ရက်ကို ချိန်းဆိုရမည်။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ နေရပ်သည် မှတ်ပုံတင်ရေးအဖွဲ့ရုံး တည်ရှိရာနေရာနှင့် ဝေးကွာသော နေရာသို့မဟုတ် သွားလာရေးခက်ခဲသော နေရာဖြစ်ပါက မှတ်ပုံတင်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြ၍ ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုသူအား အမြန်ဆုံးတွေ့ဆုံမေးမြန်းနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

**အခန်း (၃)**

**သက်သေခံလက်မှတ်ထုတ်ပေးခြင်း**

၇။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် ပုဒ်မ ၃ ပါ မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်စုစုပေါင်း ၁၀ ဦးအနက်မှ အနည်းဆုံး ငါးဦးပါဝင်သော အဖွဲ့ဖြင့် ဆောင်ရွက်ရမည်။

(ခ) လွတ်လပ်သော သဘောဆန္ဒအရ လျှောက်ထားခြင်း ဟုတ်မဟုတ် သိရှိနိုင်ရန် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ တွေ့ဆုံမေးမြန်းရာတွင် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်းနှင့် အနိုင်အထက်ပြုခြင်း သို့မဟုတ် ယင်းသို့သဘောသက်ရောက်သော အပြောအဆို၊ အပြုအမူတို့ကို ရှောင်ကြဉ်ရမည်။

(ဃ) ပုဒ်မခွဲ (ခ) အရ တွေ့ဆုံမေးမြန်းသိရှိချက်ကို မှတ်တမ်းတင်ပြီး အောက်ပါ အချက်များကို ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက လေ့လာနိုင်ရေးအတွက် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၉၀ ထက်မပိုသော ကာလကို သတ်မှတ်ပေးရမည် -

(၁) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အခြေခံသဘော၊
(၂) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခန်းခွဲဝေခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ၊
(၃) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အမွေ ဆက်ခံခြင်းနှင့် သားသမီးအုပ်ထိန်းခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုလျှင် ယင်းပုဒ်မခွဲပါ ကာလကုန်ဆုံးသည့် နေ့ရက်မှ နောက်ထပ် ရက်ပေါင်း ၉၀ ထက်မပိုသော ကာလအထိ တိုးမြှင့်ပေးနိုင်သည်။

(စ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက တောင်းဆိုလျှင် ကူးပြောင်းရန် လျှောက်ထားသည့် ကိုးကွယ်ရာဘာသာနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ(ဃ)ပါ အချက်များကို နှံ့စပ်သူ၊ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

**စာမျက်နှာ ၁၆ သို့**

**BEST BRANDS EXPO & CAR SHOW**
၃.၁၂.၂၀၁၄ မှ ၆.၁၂.၂၀၁၄ နံနက် (၉း၀၀)နာရီမှ ည (၆း၀၀)နာရီထိ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့
ဤပြပွဲကြီးတွင်ကုန်ပစ္စည်းများပါဝင်ပြသရောင်းချလိုပါကဆက်သွယ်ရန် SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079, 09-5003618, 09-8620600

ကောင်းသောအခွင့်အလမ်း
SILICON TECHNOLOGIES MYANMAR LIMITED
Part-time Job @ mobile phone and home and Internet cafe European Based IT Company
ကျွန်တော်တို့၏ ကုမ္ပဏီမှာ Part-time အလုပ်လုပ်ဖို့ လူလိုပါသည်။ တစ်နေ့ကို ၁ နာရီ အလုပ်လုပ်ရမည်။ ကျောင်းသား/သူများ၊ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ ကျွန်တော်တို့ ကုမ္ပဏီမှ အလုပ်ကိုယူ၍ အိမ်မှာနေ၍ဖြစ်စေ၊ သင်ရောက်ရာအရပ်၌ဖြစ်စေ၊ internet ရှိရုံဖြင့် အလုပ်လုပ်နိုင်သည်။ internet သုံးတတ်ရမည်။ Basic Computer တတ်ရမည်။ အလုပ်လုပ်တဲ့ အစိတ်အပိုင်းကို ကုမ္ပဏီမှ သင်ကြားပေးမည်။



Contact time - 9:00 a.m to 6:00 p.m.
အမှတ် ၃၇၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဇဟာန်း 011-220130, အလုံ 01-217073
09-32117867
(A) ရုံးခွဲ (သိမ်ိုင်း) 09-428024228
(B) ရုံးခွဲ (ယုဝန်) 09-421093227
(C) ရုံးခွဲ (မကွေး) 09-440225502

Lotus ဟိုတယ်သင်တန်းကျောင်း School of Hospitality



International Bakery & Pastry Course
ဝင်ငွေကောင်းပြီး အာမခံချက်ရှိသော အသက်မွေးပညာရပ်ဖြင့် ပြည်တွင်းပြည်ပရှိ ဟိုတယ်၊ စားသောက်ဆိုင်၊ အပျော်စီးသင်္ဘောများတွင် လုပ်ကိုင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း စတင်လုပ်ကိုင်လိုသူများအတွက် **နိုင်ငံတကာအဆင့်မီမုန့်ဖုတ်သင်တန်း...**



ဒီဇင်ဘာလအတွက် ကျောင်းအပ်လက်ခံနေပြီ
ဝါရင့် စားဖိုမှူးကြီးများကိုယ်တိုင် စနစ်တကျ လေ့ကျင့် သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် ကူညီပေးပါသည်၊
အမှတ်(၂၁၃၊ ၂၁၇) ၃-လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၄၉-လမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
01-397449, 01-397447 09-73169207

●စာမျက်နှာ ၁၅ မှ

(ဆ) ပုဒ်မခွဲ(ဃ)အရ သတ်မှတ်ရက် သို့မဟုတ် ပုဒ်မခွဲ(င)အရ တိုးမြှင့်ပေးသည့် ရက်ပြည့်သည့် အချိန်တွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူကို ထပ်မံတွေ့ဆုံပြီး ဆွေးနွေးရာ၌ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက -

(၁) ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် ဆန္ဒရှိကြောင်း တင်ပြလျှင် သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ထိုသူအား ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(၂) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရန် ဆန္ဒမရှိတော့ကြောင်း တင်ပြလျှင် ယင်း၏ တင်ပြချက်ကို သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီးကိုးကွယ်ရာဘာသာ ကူးပြောင်းရန်လျှောက်လွှာကို သိမ်းဆည်းထားရမည်။

(ဇ) ပုဒ်မခွဲ(ဆ)အရ ဆောင်ရွက်ရာတွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ ဆန္ဒကို ယင်းကိုယ်တိုင်စာဖြင့် ရေးသားလက်မှတ်ရေးထိုးစေရမည်။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် ကိုယ်တိုင်စာရေးသားနိုင်ခြင်း မရှိပါက မှတ်ပုံတင်ရေးအဖွဲ့က ရေးသား၍ ပြန်လည်ဖတ်ပြပြီး ယင်းအား လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဗွေခတ်နှိပ်စေခြင်း ပြုရမည်။

၈။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) သို့မဟုတ်(င)အရ သတ်မှတ်ရက်အတွင်း ပြန်လည်သတင်းပို့ခြင်းမရှိလျှင် ၎င်းထံ စာဖြင့်နှိုးဆော်အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားသော်လည်း သတင်းပို့ရန် ဆက်လက်ပျက်ကွက်နေပါက လျှောက်ထားသူအား သက်သေခံလက်မှတ်ထုတ်ပေးရခြင်း မရှိကြောင်း သက်ဆိုင်ရာ အမှုတွဲတွင် မှတ်တမ်းတင်ရမည်။

၉။ မှတ်ပုံတင်ရေးအဖွဲ့သည် အောက်ပါအကြောင်းတစ်ခုခုကြောင့် မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူကိုယ်တိုင် လာရောက်ခြင်းမပြုနိုင်လျှင် သော်လည်းကောင်း၊ ဆောလျင်စွာ ဆောင်ရွက်ရန် ခိုင်လုံသောအကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း ပုဒ်မ ၇ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်ပြီး သက်သေခံလက်မှတ် ထုတ်ပေးနိုင်သည် -

(က) အသက်အရွယ် ကြီးရင့်ပြီး သွားလာရန် ခက်ခဲခြင်း၊

(ခ) ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရခြင်း၊

(ဂ) မသန်စွမ်းဖြစ်ခြင်း။

၁၀။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ်(၁)အရ သက်သေခံလက်မှတ် ထုတ်ပေးသည့်အခါ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုသူနှင့် ပတ်သက်သော အောက်ပါအချက်များကို ဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သာသနာရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများသို့ သာသနာရေး ဦးစီးဌာနက သတ်မှတ်သည့်ပုံစံဖြင့်တင်ပြရမည် -

(၁) အမည်၊

(၂) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊

(၄) နေရပ်လိပ်စာ၊

(၅) မူလကိုးကွယ်ရာဘာသာ၊

(၆) ကူးပြောင်းခွင့်ပြုသည့် ကိုးကွယ်ရာဘာသာနှင့် သက်သေခံ လက်မှတ်ထုတ်ပေးသည့်ရက်စွဲ။

(ခ) တစ်စုံတစ်ဦး၏ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းကြောင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း -

(၁) လျှောက်ထားသူကိုယ်တိုင်၏ တင်ပြချက်အရ သိရှိရလျှင် သက်သေခံလက်မှတ်ထုတ်ပေးခြင်း မပြုဘဲ မှတ်တမ်းတင်ထားရှိရမည်။

(၂) လျှောက်ထားသူကိုယ်တိုင်က တင်ပြခြင်းမပြုသော်လည်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရသော် စိစစ်တွေ့ရှိချက်ကို လျှောက်ထားသူအား အသိပေးမေးမြန်းပြီး လျှောက်ထားသူက ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် ဆန္ဒရှိကြောင်း ထပ်မံအတည်ပြုပါက အကြောင်းအရာ၊ အချက်အလက်များကို မှတ်တမ်းတင်၍ သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနများသို့ သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် တင်ပြရမည်။

၁၁။ မှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး သက်သေခံလက်မှတ် ထုတ်ပေးသည့် နေ့ရက်အချိန်မှစ၍ ကိုးကွယ်ရာဘာသာကူးပြောင်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ကိုးကွယ်ရာဘာသာကူးပြောင်းသူသည် သက်သေခံလက်မှတ် ရရှိသည့်အခါ -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းကို ကူးပြောင်းသည့် ကိုးကွယ်ရာဘာသာ၏ ဓလေ့ထုံးတမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါအတိုင်း ဆောင်ရွက်ပြီး ကိုးကွယ်ရာဘာသာပြောင်းလဲ မှတ်တမ်းတင်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ယင်းသက်သေခံလက်မှတ်မိတ္တူနှင့်အတူ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၃။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် သက်သေခံလက်မှတ် ရရှိပြီးနောက် အချိန်ကာလတစ်ခုတွင် ထပ်မံ၍ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုလျှင် ယင်းသက်သေခံလက်မှတ်ကို မှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၄)
## တားမြစ်ချက်

၁၄။ မည်သူမျှ မည်သည့် ဘာသာသာသနာကိုမဆို စော်ကားရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အလွဲသုံးစားပြုရန်အကြံဖြင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းမပြုရ။

၁၅။ မည်သူမျှ သူတစ်ဦးတစ်ယောက်ကို ကိုးကွယ်ရာဘာသာကူးပြောင်းရန် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း မပြုရ။

၁၆။ မည်သူမျှ သူတစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၅)
## ပြစ်ဒဏ်

၁၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် မူရင်းပြဋ္ဌာန်းသော အမြင့်ဆုံးထောင်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၆)
## အထွေထွေ

၂၁။ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို သက်ဆိုင်ရာ မြို့နယ်သာသနာရေးမှူးရုံးက ဆောင်ရွက်ရမည်။ မြို့နယ်သာသနာရေးမှူးရုံး မရှိပါက မြို့နယ်သာသနာရေးမှူး၏ တာဝန်ကို ပူးတွဲထမ်းဆောင်သော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၂၂။ မှတ်ပုံတင်ရေးအဖွဲ့သည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ အမှုတွဲနှင့် မှတ်တမ်းများကို လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၂၃။ (က) ပြည်ပရှိ မြန်မာနိုင်ငံသားများသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုပါက သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လည်းကောင်း၊ မိမိနေထိုင်သည့် နိုင်ငံတွင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မရှိပါက အနီးဆုံးနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံးအရာရှိနှင့် ကောင်စစ်ဝန်တို့သည် ပုဒ်မခွဲ (က) အရ ဆက်သွယ်ပါက ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) မှ (ဇ) အထိ၊ ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၂၂ တို့ပါ ကိစ္စရပ်များကို လိုအပ်သလို ဆောင်ရွက်ရမည်။

၂၄။ သက်ဆိုင်ရာကိုးကွယ်ရာဘာသာအရ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါ သွေးဆောင်ခြင်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၅။ ဤဥပဒေအရကိုးကွယ်ရာဘာသာကူးပြောင်းခြင်းသည် နိုင်ငံသားဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၆။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သာသနာရေးဝန်ကြီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

Yes!! English School
** Always say Yes!! to English. **
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT
Starting On December 3,7,10,17,20.
၂၃၊လှည်းတန်းလမ်းမ၊ Ph : 01-511778 09-73033648

ကားရောင်းမည်။ (ပိုင်ရှင်ကိုယ်တိုင်)
1.Ford Ranger XLT Thunder Super Cab TD 4WD, Aircon, Allay Wheels, Tow bar, Leather Seds, Power Window 2.5cc Diesel, Black, Blue, Deep Blue 2004 (160 သိန်း)
2. Toyota Hilux vigo 4WD, 2.5cc Diesel (extra Cab) 2006 (183 သိန်း)
3. Vauxhall 1300 cc Diesel (၁)ဂါလန် မိုင် (၆၀) ဂီယာ ၇ချက် 2009 (137 သိန်း)
Ph: 01-709468, 572140, 09-5190189,09-254550192

ပထမကြိုးအောင်ရဟန်း၊ သာမဏေများအတွက်
အင်္ဂလိပ်ဘာသာသင်တန်းများ
(ရေး၊ ဖတ်၊ ပြော၊ နားထောင်—အခြေခံအဆင့်နှင့် ကျမ်းစာအဆင့်)
• တန်းခွဲသစ် ဒီဇင်ဘာ ၁၅ စမည်။ အခမဲ့၊ ကျောင်းအိပ်ကျောင်းစား။
စိတ္တသုခဗုဒ္ဓဘာသာအကယ်ဒမီ(CBA)၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၃၁၅၁၈၄၇၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
(အကျိုးဆောင်၊ ကြော်ငြာမလို)
၁။ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တက္ကသိုလ်ရိပ်သာလမ်းသစ် 1st Floor, 3315 sqft, MBR(4), BR(2), Air Con(8), Ph(4), Car Parking, Security, Lift, အဆင့်မြင့်ပြင်ပြီး 2.2L / sqft.
၂။ ကံ့ကော်ကွန်ဒို၊ ဗိုလ်ရာညွန့်လမ်းမ 3rd Floor, 1500 sqft, MBR(1), BR(3), Air Con(4), Ph(2), Car Parking, Security, Lift, အဆင့်မြင့်ပြင်ပြီး 2.1L / sqft
Ph: 09-25444-9589, 09-254-808-678.

ECO 69
ရန်ကုန်စီးပွားရေးတက္ကသိုလ်
၁၉၆၉-ခုနှစ် ဘွဲ့ရများ
၁၆-ကြိမ်မြောက် တွေ့ဆုံပွဲ
နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉-ခုနှစ် ဘွဲ့ရများ၏ ၁၆-ကြိမ်မြောက် တွေ့ဆုံပွဲကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀-ရက် (စနေနေ့) ညနေ ၅-နာရီတွင် ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း Rose Garden Hotel ၌ ကျင်းပမည်ဖြစ်ပြီး စီးပွားရေးတက္ကသိုလ် ၆၉-ခုနှစ် ဘွဲ့ရများအားလုံး စုံညီစွာ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက အမှုဆောင်များထံ ဆက်သွယ်စုံစမ်း နိုင်ပါသည်။
ဦးလှတိုး-၀၉ ၅၀၀၀၈၀၁၊ ဒေါက်တာစိုးဝင်း-၀၉ ၇၃၁၃၇၀၀၀
ဦးခင်မောင်ဝေ-၀၉ ၅၀၄၈၈၈၀၊ ဦးအေးဖော်-၀၉ ၇၃၀၅၆၉၅၂
ဦးကြည်စိုး-၀၉ ၅၁၇၅၂၇၀
ခင်ဝင်း-၀၉ ၅၁၈၀၇၄၂၊ ဦးသန်းထွန်း-၀၉ ၄၄၈၀၀၉၆၁၁
ဦးမြင့်သန်း-၀၉ ၅၀၅၃၂၁၁၊ ဦးကြည်မြင့်-၀၉ ၂၅၄၀၆၆၄၉၀
ဗိုလ်မှူးခင်မောင်ဝင်း (ငြိမ်း)-၀၉ ၃၁၀၆၂၃၇၂
ဦးမင်းထွန်းရှိန်-၀၉ ၄၃၁၀၆၁၈၁၊ ဦးဝင်းနိုင်-၀၉ ၅၁၁၃၂၇၀
ဒေါ်ခင်မြသိန်း-၀၁ ၆၅၁၄၁၄၊ ဒေါ်ခင်ချိုမြင့်-၀၉ ၇၃၁၅၄၂၂၄
ဒေါ်ကြည်ကြည်ညွန့်-၀၉ ၂၅၄၁၀၉၂၂၄

# မဏိပူရပြည်နယ် မိုရေးမြို့ရှိ လျှပ်စစ်ဓာတ်အားခွဲစက်ရုံမှ ဓာတ်အားဝယ်ယူ၍ တမူးဒေသသို့ လျှပ်စစ်မီးပေးမည်

**တမူး၊ နိုဝင်ဘာ ၃၀**

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး၏ အဓိကစခန်းတည်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကဘော်ချိုင့်ဝှမ်းဒေသ တမူးခရိုင်၊ တမူးမြို့တွင် တစ်ဖက် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၊ မိုရေးမြို့ရှိ လျှပ်စစ်ဓာတ်အားခွဲစက်ရုံမှ တစ်ဆင့် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်း ဆက်သွယ်ရယူ၍ တမူးမြို့သို့ ၂၄ နာရီ လျှပ်စစ်မီးပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မိုရေးမြို့တွင် လက်ရှိ ၃၃/၁၁ ကေဗွီအေ ဓာတ်အားခွဲရုံမှ တမူးမြို့အတွက် ဓာတ်အား သုံးမဂ္ဂါဝပ်ခန့် ရောင်းချပေးမည်ဖြစ်ရာ ၂၄ နာရီ ဓာတ်အားသုံးစွဲနိုင်မည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများပါ ဓာတ်အားဆက်သွယ်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၃ ခုနှစ်မှာ တာဝန်ရှိ မြန်မာကိုယ်စားလှယ်အဖွဲ့များ အင်ဖာလ်မြို့ကို သွားရောက်ပြီး တမူးမြို့မှာ လိုအပ်နေသည့် ဓာတ်အားအနည်းဆုံး 2 MW၊ အများဆုံး 3 MW ရောင်းချပေးနိုင်ဖို့ မဏိပူရ ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဆွေးနွေးခဲ့သည်။ ပြီးခဲ့တဲ့ ဩဂုတ် ၅ ရက်ကလည်း တမူးမြို့မှာ နှစ်နိုင်ငံဓာတ်အားဆက်သွယ်မှု ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ လက်ရှိ တမူးမြို့အတွက် ဓာတ်အားလိုင်းဆက်သွယ်ရယူလိုမှု အမြန်ဆုံးဆောင်ရွက်နိုင်ရေးများကို ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယနိုင်ငံပြည်ပရေးရာဌာနကလည်း သဘောတူညီချက်ရပြီးပါပြီ" ဟု တမူးမြို့ မြို့အထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တမူးမြို့မှ ဒေသခံပြည်သူများ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရေး၊ တိုးပွားလာသောလူဦးရေနှင့်အညီ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သည် ဒေသခံပြည်သူများ၏လိုအပ်ချက်နှင့်အညီ အလေးထား စီမံဆောင်ရွက်လျက်ရှိပြီး တမူးမြို့သို့ အိန္ဒိယနိုင်ငံ မိုးရေးမြို့မှ ဓာတ်အားလိုင်းသွယ်တန်း၍ ဓာတ်အားဝယ်ယူ ဖြန့်ဖြူးရောင်းချရေးကို အိန္ဒိယနိုင်ငံ ဗဟိုအစိုးရနှင့် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်းသိရသည်။

ချင်းတွင်းသား



# မိုးနှောင်းချည်မျှင်ရှည်ဝါ ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါအတွက် တိုးစိုက်ကွင်းသရုပ်ပြပွဲ မလှိုင်မြို့၌ကျင်းပ

**မလှိုင်၊ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေး ၂၀၁၄-၁၅ ခုနှစ် မိုးနှောင်း ချည်မျှင်ရှည်ဝါ ရွှေတောင်(၈) နှင့် ငွေချည် (၉) ဝါ အတွက်တိုး စိုက်ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၅ ရက်က ဆည်တောကျေးရွာ၊ ကွင်းအမှတ် (၃၆၃) ရှိ တောင်သူဦးစိုးအောင်၏ ဝါစိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသာဇင်ဦးနှင့် ဒုတိယဦးစီးမှူး ဦးခင်မောင်ကြည်တို့က အထွက်နှုန်းကောင်းမွန်သော ရွှေတောင်(၈)ဝါ နှင့် ငွေချည် (၉) ဝါများ၏ နည်းပညာ စိုက်ပျိုးမှု၊ ဓာတ်မြေဩဇာသုံးစွဲမှု၊ ပိုးသတ်ဆေးသုံးစွဲမှု အခြေအနေများကို တောင်သူများအား ပညာပေးဆွေးနွေးခဲ့သည်။

ယင်းသို့ ပညာပေးဆွေးနွေးရာတွင် ရွှေတောင်(၈)ဝါနှင့် ငွေချည် (၉) ဝါများသည် အထွက်နှုန်း ကောင်းမွန်သဖြင့် တောင်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန် လမ်းညွှန်မှာကြားခဲ့သည်။

မိုးနှောင်း ချည်မျှင်ရှည်ဝါ ရွှေတောင် (၈) နှင့် ငွေချည် (၉) ဝါ အထွက်တိုးကွင်းသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်သိန်းလှိုင်၊ မိတ္ထီလာခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးလွင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ စက်မှု သီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆည်တောကျေးရွာ၊ လိပ်ခွဲကျေးရွာ၊ သပြေပင်ကျေးရွာ၊ သဘွတ်ကုန်းကျေးရွာ၊ ဝါးကျွန်းကံ ကျေးရွာများမှ ဝါစိုက်တောင်သူ ၁၃၀ တက်ရောက်ခဲ့သည်။

အောင်ဌေး(မလှိုင်)

# နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**ထားဝယ်၊ နိုဝင်ဘာ ၃၀**

ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဝန်ထမ်းများသည် Norwegian Refugee Council (NRC) အဖွဲ့နှင့် ပူးပေါင်း၍ သကျတ်တောကျေးရွာသို့ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီမှ ညနေပိုင်းအထိ သကျက်တောရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၅) နှင့် အကျုံးဝင်သောရွာသူ၊ ရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်စီမံချက် အဆင့် (၇) ဖြင့် နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာတွင် လုပ်ငန်း၌ လိုအပ်သည့် ထောက်ခံချက်ပုံစံ၊ စာရွက်စာတမ်းများ၊ ဓာတ်ပုံရိုက်ခြင်း၊ သွေးစစ်ခြင်း၊ မိတ္တူကူးခြင်း၊ ပလတ်စတစ်လောင်းပေးခြင်း၊ အိမ်ထောင်စုစာရင်း ထည့်သည့် ပလတ်စတစ်အိတ်များပေးခြင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများပေးသွင်းခြင်း၊ ဝန်ထမ်းများအား မော်တော်ယာဉ်ဖြင့် ကြိုပို့ခြင်း၊ ဧည့်ခံကျွေးမွေးခြင်းများအား NRC အဖွဲ့မှ ကူညီထောက်ပံ့ပေးခဲ့သည်။

ယင်းနေ့က ကွင်းဆင်းဆောင်ရွက်မှုကို ထားဝယ်ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေး NRC ရုံးချုပ်(ရန်ကုန်)မှ Program Manager Mr.s Hege Mork တို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

လုပ်ငန်းဆောင်ရွက်ပြီး ညနေပိုင်းတွင် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်၊ NRC တာဝန်ခံ(လောင်းလုံ) ဦးစောရစ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟိုရှိန်တို့က ကျေးရွာသူ၊ ရွာသား ၁၀၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

အစိုးရအဖွဲ့သစ်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များအနက် တစ်ချက်ဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ နိုင်ငံတစ်ဝန်း မိုးပွင့်စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဖိုးရွှေသွန်း(ထားဝယ်)

# ဘီးလင်းမြို့တွင် ကြံစိုက်ပျိုးခြင်းနှင့် အပင်ပြုစုခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

**ဘီးလင်း၊ နိုဝင်ဘာ ၃၀**

သထုံခရိုင် ဘီးလင်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ပြုလုပ်သော ကြံစိုက်ပျိုးခြင်းနှင့် အပင်ပြုစုခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက ဘီးလင်းတိုးဂိတ်အနီး စံပြကြံစိုက်ကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဆွေက GAP နည်းစနစ်ဖြင့် တစ်ဧကတန် ၈၀ ထွက်ရှိမည့် ကြံစိုက်ပျိုးခြင်းနှင့် ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးခြင်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် သထုံခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးမှူး ဒေါ်စန်းစန်းဝေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူပညာပေးစံပြစိုက်ကွက်၌ ကြံစိုက်ပျိုးခြင်းနှင့် အပင်ပြုစုခြင်းတို့ကို လက်တွေ့သရုပ်ပြသခဲ့သည်။

ယင်းအခမ်းအနားသို့ စိုက်ပျိုးရေး မြေစာရင်း စက်မှုလယ်ယာဆည်မြောင်း ဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာများမှ ကြံစိုက်ပျိုးမှု အကျိုးဆောင် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


"Always Creating Opportunities For All" "Speak English? So Easy !!!"
F*
Tr Wilfred (FLOURISH UNITED) & Mr Jack (Master Architect) (Native Speaker)
တို့မှတွဲသင်ကြားသည့် "ENGLISH CLASSES FOR YOUR SELF-ACTUALIZATION NEEDS"
INTERMEDIATE ENGLISH 4 SKILLS+IELTS PREPARATION CLASS



WE CARE, SHARE, LEARN, ENJOY AND FLOURISH TOGETHER !!!
: 09-4211 53 244, 09-97 220 6565



## အမှားပြင်ဆင်ချက်

၂၈-၁၁-၂၀၁၄ ကြေးမုံသတင်းစာ စာမျက်နှာ(၂၂)ပါ နေအိမ်နှင့်ပတ်သက်၍ အတိအလင်း သတိပေးကြေညာချက် ကြော်ငြာတွင် ၁-၉-၂၀၁၄ ရက်အစား ၉-၇-၂၀၁၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။



ဦးမောင်မောင်အုန်းမြိုင်(ဆရာအုန်း)
(၁) အင်္ဂလိပ် ↔ မြန်မာ ဘာသာပြန်လုပ်ငန်းဌာန
(၂) ဘာသာပြန်ဆိုနည်းသီးသန့်သင်တန်း
⇨ ၉၉ (အနော်ရထာလမ်း နှင့် ၃၈-လမ်းထောင့်)၊ ရန်ကုန်မြို့။



CROWN EDUCATION Learning Center
IELTS ACT
"ဝါရင့် Professor ကိုယ်တိုင်ဦးစီးပြီး အတွေ့အကြုံရှိ Local & Native Teacher များဖြင့် စနစ်တကျလေ့ကျင့်သင်ကြား ပေးလျက်ရှိသည့်"
- English 4 Skills Development Classes (Foundation / Advanced Level)
- IELTS Intensive Course
- ACT Preparation Course
- Arts & Design Portfolio Preparation Course

Personality Development, Interview Techniques, Presentation Skills များအား အတန်းတိုင်းတွင်သင်ကြားပေးပါမည်။
Enroll for NOV Intake



No.270, 1st Floor, Room(1B), Pyay Rd, Myaynigone, Sanchaung Tsp, Ygn.
Bet: DNH Tower & Dagon Centre(2). Tel: 01 527 838 / 09 732 56 965



## အမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်းတွင် အမှားပြင်ဆင်ခြင်း

၂၂-၁၁-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ၊ စာမျက်နှာ (၃)တွင် ဖော်ပြပါရှိသော အမှတ်စဉ် (၃)ပါစာရင်းတွင် အိမ်အမှတ်အား (၅၁၇/က)၊ စစ်ကိုင်းလမ်း၊ ၅/ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု မှားယွင်းဖော်ပြခဲ့ပါသဖြင့် အိမ်အမှတ်(၅၁၆/ခ) ဟု ပြင်ဆင်ဖတ်ရှုပါရန် ပြင်ဆင်ကြေညာအပ်ပါသည်။

(၁) ဒေါ်မြင့်မြင့်အေး၊ (၂) ဒေါ်မာမာသန်း(ခ) ဒေါ်သင်းသင်းဆွေ၊
(၃) ဒေါ်မူမူအေး၊ (၄)ဦးဝင်းမော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးနန်းနွယ် . ဒေါ်နွေးနွေးဝင်းနွယ်
B.A,M.A.(F1),H.G.P,R.L B.A(Paint;)(Q), LL.B,LL.M (Civil)
တရားလွှတ်တော်ရှေ့နေ (၅၀၃၉) အထက်တန်းရှေ့နေ (၂၉၃၉၄)
အမှတ်(၁၅၂၆)၊ မြင်တော်သာလမ်း၊ (၁)ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့



## အိမ်ရောင်းမည်

အရှေ့ဒဂုံ၊ (၂)ရပ်ကွက်၊ ပေ(၄၀×၆၀)၊ ပျဉ်ထောင်အိမ်၊ ဈေး သိန်း ၆၀၀ (ညှိနှိုင်း)
စော်ဘွားလမ်း၊ ၉မိုင် RC R ထပ်ခွဲတိုက် ကြွေပြားကပ်၊ ပါကေးခင်း ဈေး သိန်း ၄၅၀၀ (ညှိနှိုင်း)
ဖုန်း-၀၉၅၁၄၁၈၂၆၊ ၀၉-၄၂၀၀၃၄၁၄၆

ကျန်းမာရေးဆောင်းပါး

# သက်ကြီးရွယ်အိုများအတွက် လိုအပ်သော အားနှစ်မျိုး

à lunf/Cink)

လူတို့သည် အသက် ၄၀ ကျော်လာလျှင် အသက်ကြီးလာပြီဟု ထင်ကြသော်လည်း ၄၀ ကျော်သည် အရွယ်ကောင်း၊ ခွန်အားကောင်း၊ အသိဉာဏ်လည်း ပြည့်စုံပြီး ဖွံ့ဖြိုးသောအရွယ်ဖြစ်သည်။ လုပ်ငန်းများစွာ အားသွန်ခွန်စိုက်လုပ်ကိုင်နိုင်သောအရွယ်ဖြစ်သည်။ အစားအသောက်အနေအထိုင် မှန်ကန်လျှင် အသက် ၅၀ ကျော်အထိ ခွန်အားကောင်းဆဲဖြစ်သည်။

အသက် ၆၀ ကျော်လျှင် ခွန်အားမကောင်းတော့သော အရွယ်ဟုသတ်မှတ်ပြီး အလုပ်မှပင်စင်ပေးလေ့ရှိကြသည်။ အချို့မှာ ပင်စင်ယူရသော်လည်း စိတ်ရောကိုယ်ပါ သွက်လက်ထက်မြက်နေဆဲဖြစ်သည်။ အလုပ်လုပ်ကောင်းဆဲဖြစ်သည်။ အသက် ၄၀ ကျော်မှစခဲ့သော အောင်မြင်မှု၏ အထွတ်အထိပ်သို့ ရောက်ရှိနေချိန်လည်းဖြစ်နိုင်သည်။ ထို့ကြောင့် အသက် ၆၀ အရွယ်ကို သက်ကြီးရွယ်အိုစာရင်းတွင် ထည့်သွင်း၍မရသေးပါ။

အထောက်အထားနှင့်တင်ပြရလျှင် ဗုဒ္ဓစာပေကျမ်းဂန်တို့တွင် အောက်ပါအတိုင်း အသက်အရွယ်အပိုင်းအခြားကို သတ်မှတ်ထားသည်ကို တွေ့ရသည်။

၁။ ဖွားသည်မှ ၃၃ နှစ် ပထမ အရွယ်ဟု သတ်မှတ်သည်။
၂။ အသက် ၃၃ နှစ်မှ အသက် ၆၇ နှစ် ဒုတိယ အရွယ်ဟု သတ်မှတ်သည်။
၃။ အသက် ၆၇ နှစ်မှ ၁၀၀ နှစ်ကို တတိယ အရွယ်ဟု သတ်မှတ်သည်။

ဤသတ်မှတ်ချက်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်တို့တွင် ဖော်ပြထားသည်။

အာယုဗေဒဆေးကျမ်းတို့တွင် အထင်ရှားဆုံးသော ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းတွင်ကား အရွယ်သုံးပါးကို ဤသို့ပိုင်းခြားထားသည်။

၁။ ဗာလအရွယ် မွေးစမှ-၁၆နှစ်အထိ
၂။ မဇ္ဈိမအရွယ် ၁၆ နှစ်မှ- ၇၀ နှစ်အထိ
၃။ ဝုဒ္ဓအရွယ် ၇၀ နှစ်မှ- ၁၁၀ နှစ်အထိ
ဟူ၍ အရွယ်သုံးပါးပိုင်းခြားထားသည်ကို တွေ့ရပေသည်။

ပင်စင်ပေးသောအရွယ်ကို ၆၀ နှစ်ဟု သတ်မှတ်သောနိုင်ငံရှိသလို အချို့နိုင်ငံများတွင် ၆၅ နှစ်ဟု သတ်မှတ်ထားသည့် နိုင်ငံများလည်းရှိသည်။ ဤသို့သတ်မှတ်ခြင်းမှာ ပို၍သင့်လျော်သည်ဟု ဆေးပညာ ရှုထောင့်အမြင်မှ ယူဆရပေသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုဟု သတ်မှတ်ရမည့်သူများမှာ အသက် ၆၅ နှစ်မှ အထက်လူကြီးများကို ရည်ညွှန်းလိုပါသည်။ အသက်ကြီးလာလျှင် အားဆေးမှီဝဲဖို့ လိုအပ်လာသည်ဟု ယူဆကြသည်။ ကြော်ငြာအားကောင်းသော အနောက်တိုင်းအားဆေး၊ တိုင်းရင်းအားတိုးဆေးများကို မှီဝဲကြသည်။ အမှန်ပင် ထိုအားဆေးများသည် မိမိအတွက်လိုအပ်ချက်နှင့် ကိုက်ညီပါ၏လောဟု မသိရှိကြ ပဲသုံးစွဲလေ့ရှိကြသည်။ တစ်ခါတစ်ရံ အားတိုးဆေးများတွင် အကျိုးအပြစ်များစွာရှိသည်ကို သတိပြုကြဖို့လိုသည်။

အာယုဗေဒဆေးကျမ်းတို့အလိုအရ လူတို့တွင် အားနှစ်မျိုးလိုအပ်သည်။ အသက်ရှည်ရန် အတွက် အားရှိဖို့လိုသည်။ ထိုအားနှစ်မျိုးမှာ ‘သွေးအား’ နှင့်‘လေအား’တို့ဖြစ်သည်။ ဓာတ် သဘောအားဖြင့်ဆိုလျှင် သွေးသည် အာပေါဓာတ်ဖြစ်ပြီး လေသည် ဝါယောဓာတ်ဖြစ်သည်။ ဆန့်ကျင်ဘက်ဓာတ်နှစ်မျိုးပေါင်းစပ်ကာ သွေးဟူသောအာပေါဓာတ်ကို ခန္ဓာကိုယ်အနှံ့သို့ရောက်အောင် ဝါယောဓာတ်က တွန်းပို့လျက်ရှိပေသည်။ ဆန့်ကျင်ဘက်နှစ်ခုပေါင်းလျှင် အကျိုးရှိသည်ကို ခန္ဓာကိုယ်တွင်းက သက်သေပြလျက်ရှိပေသည်။

အသက်ကြီးလာသောအခါ သွေးအားယုတ်လာသည်ဟု ပြောစမှတ်ပြုကြသည်။ အမှန်က သွေးက ခန္ဓာကိုယ်အတွင်းတွင် အပြည့်ရှိလျက်ပင်။ သွေးကိုတွန်းပို့ပေးမည့် ဝါယောဓာတ်က အားယုတ်လာခြင်းကြောင့် အားနည်းလာခြင်းဖြစ်သည်။ သွေးထောက်ပံ့မှု မရောက်ရှိသော လက္ခဏာကို အစွန်အဖျားနေရာများမှ ပြသည်။ ဦးခေါင်းငယ်ထိပ်တွင် ဆံပင်များကျွတ်ပြီး ပြန်မပေါက်တော့သောကြောင့် ထိပ်ပြောင်လာသည်။ ခြေထောက်ရှိ ခြေသန်း၊ ခြေသူကြွယ် ခြေချောင်းကလေးများတွင် ခြေသည်းများ အက်ကွဲလာသည်။ ဖနောင့် အရေပြားများတွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ လယ်များတွင် ပပ်ကြားအက်သကဲ့သို့ ခန္ဓာကိုယ်အရေပြားတွင် အက်ကွဲရာများဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

အသက်ကြီးလာလျှင် လေဆက်စေရန် အခါးစားပေးရမည်ဟု ရှေးလူကြီးများကဆိုသည်။ အခါးဟူရာတွင်လည်း နှစ်မျိုးရှိသည်။ ‘ပူခါး’နှင့်‘အေးခါး” ဟူ၍ အာယုဗေဒ ဆေးကျမ်းများတွင် တမာအခါးကိုလည်းကောင်း၊ မုရားကြီးရွက်အခါးကိုလည်းကောင်း၊ ဝါး၍ လျှာဖြင့် စမ်းသပ်ကြည့်သောအခါ ‘အပူခါး’ အရသာကို တွေ့ရမည်ဖြစ်သည်။ တမာအခါးကား ပိုးကိုနိုင်သည်။ တောင်မရိုးအခါးကား အဖျားကိုနိုင်သည်။ မုရားကြီးရွက်အခါးကား ပန်းနာချောင်းဆိုးနှင့် အဆုတ်နာရောဂါအမျိုးမျိုးတို့ကိုနိုင်သည်ဟု ကျမ်းကဆိုသည်။

ခွေးတောက်ရွက်သည်လည်း ပူခါးမျိုးဖြစ်သည်။ လူကြီးများတွင်ဖြစ်သော အညောင်းများသည့် ပါဒရက်ရောဂါအမျိုးမျိုးကို နိုင်သဖြင့် ခွေးတောက်ရွက်ဟင်းချိုကို ကြက်ရိုးဖြင့်ချက်၍ ရှေးက ဆရာကြီးများက ဓာတ်စာပေးသည်ကို တွေ့ရဖူးသည်။

စာရေးသူတို့ မိဘများသည် ကျေးဇူးရှင် ဗန်းမော်ဆရာတော်ကြီး စာဝါချ၍ အညောင်းအကိုက်များသည့်အခါတိုင်းချက် ခွေးတောက်ရွက်ဟင်း၍ ဆက်ကပ်ရသည်ကို အမှတ်ရဖူးသည်။ ခွေးတောက်၊ တမာ၊ ကြောင်လျှာ၊ ကြက်ဟင်းခါး စသည်တို့သည် ရှေးလူကြီးများအကြိုက် အခါးအရသာများဖြစ်သည်။ ထိုအခါးများအပြင် မြန်မာလူမျိုးတို့ နှစ်သက်စွာစားသုံးသော အခါးတစ်မျိုးမှာ လက်ဖက်ဖြစ်သည်။ လက်ဖက်ကို လက်ဖက်အသားအတိုင်းလည်းကောင်း၊ အခြောက်လှန်းပြီး လက်ဖက်ခြောက်အဖြစ်လည်းကောင်း နှစ်သက်စွာသုံးစွဲကြသည်။

ရှေးကလူကြီးများသည် လက်ဖက်စစ်စစ်ကို နှမ်းဆီဖြင့်စိမ်ပြီး နေ့လယ်စာ ထမင်းစားပြီးတိုင်း နည်းနည်းစီစားပေးကြသည်။ လူကြီးများအတွက် လေဆက်ပြီး အသက်ရှည်စေသော ဆေးဖြစ်သည်ဟု ဆိုသည်။ လက်ဖက်သည် အေးခါးအရသာဖြစ်သဖြင့် ပူခါးအရသာဖြစ်သွားအောင် နှမ်းဆီဖြင့် စိမ်စားခြင်းဖြစ်သည်။ အသက်ရာကျော်ရှည်သော ဘိုးဘွားများသည် ဤဓာတ်စာကို စားခဲ့ကြသည်ဟု မှတ်သားရဖူးသည်။

လက်ဖက်သည် ရှေးကမြန်မာလူကြီးသူမများ၏ဓာတ်စာဖြစ်သည်။ လေအားဖြစ်စေသည့် အစာဟု ယူဆကြသည်။ အလှူလုပ်လျှင် လက်ဖက်ပွဲမပါလျှင် မပြီးပေ။ လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းသည်လည်း မြန်မာ့ဓလေ့ ဧည့်ခံပွဲတိုင်းတွင် ပါဝင်သည်။ လက်ဖက်သည် အေး၊ ဖန်၊ ခါးအရသာရှိပြီး ဝမ်းတွင်းအပူကို ငြိမ်းစေသည်။ အစာအိမ်ရောင်ခြင်း၊ အစာအိမ်နာခြင်း၊ အူရောင်ခြင်းတို့ကိုလည်း ပျောက်ကင်းစေနိုင်သည်။ ရေနွေးကြမ်းအဖန်ရည်သောက်ပြီး လေမချုပ်စေရန် ဆားလှော်အနည်းငယ်ကို ရောသောက်လေ့ရှိကြသည်။ ရှေးက တောရွာဓလေ့ ရေနွေးကြမ်းဝိုင်းတွင် ဆားလှော်ကို ပန်းကန်ငယ်ကလေးဖြင့် ထည့်ထားပေးသည်ကို မှတ်မိသူများရှိကြပါလိမ့်ဦးမည်။

“လေမသက် အနေခက်၊ လေမစုန် ငွေကုန်” ဟု ရှေးလူကြီးများပြောကြသည်။ လူကြီးများအတွက် ကျန်းမာရေးမှာ လေက အရေးအကြီးဆုံးဖြစ်သည်ဟုဆိုသည်။ လေလည်ခြင်းကို ရုက်စရာဟုယူဆကြသော်လည်း လေလည်နေသည့် လူကြီးများမှာ ကျန်းမာနေသည်ကိုတွေ့ရပေသည်။ ဆေးပညာအရလည်း အသက် (၆၅)နှစ်ကျော်လျှင် လေအရွယ်ရောက်ပြီဖြစ်သဖြင့် လေဆက်မည့်ဓာတ်စာများ စားပေးသင့်ကြောင်း တင်ပြလိုက်ရပေသည်။

## နှစ်ကျိပ်ရှစ်ဆူဘုရားများ နှစ် (၁၀၀) ပြည့်အကြို သီတဂူရေအလှူတော်ကျင်းပမည်

**ရန်ကုန်၊ နိုဝင်ဘာ ၃၀**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်ကြီးဓမ္မာရုံ၌ ရပ်ကွက်သူ၊ ရပ်ကွက်သားများတည်ထားကိုးကွယ်ခဲ့သော နှစ်ကျိပ်ရှစ်ဆူဘုရားများ နှစ် (၁၀၀) ပြည့်အကြို သီတဂူရေအလှူတော် အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ အဆိုပါဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၃ ရက် စနေနေ့ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း) ဓမ္မာစရိယ ဆရာတော်ဒေါက်တာအရှင်ကုန္ဒာစရိယ (B.A.M.A.Ph.D) ကလည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက် တနင်္ဂနွေနေ့ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) သီတဂူ ကထိကဆရာတော် သာသနာ့ဓဇဓမ္မာစရိယ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt.Ph.D) ကလည်းကောင်း ညစဉ် ၇ နာရီ ခွဲမှစတင်၍ တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

ခင်မောင်ဝင်း(ကြေးမုံ)

## ကလေးမြို့တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးနှစ်ဖက်တိုးချဲ့



**ကလေး၊ နိုဝင်ဘာ ၃၀**

ကလေးမြို့ ပြည်သူများ၏ သွားလာရေး ပိုမိုအဆင်ပြေ ချောမွေ့စေရန်အတွက် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ဘေးနှစ်ဖက်တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ကလေးမြို့တာဟန်းရပ်ကွက်အတွင်းရှိ ဗိုလ်ချုပ်လမ်းမကြီး ဘေးနှစ်ဖက်ကိုလည်း တစ်ဖက်လျှင် အကျယ် ၆ ပေစီ တိုးချဲ့ခြင်းလုပ်ငန်းကို ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန်ယူပြီး စက်ယန္တရားဖြင့် နိုဝင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်မှု အမြန်ဆုံးပြီးစီးနိုင်ရန် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လိုက်ပါလျက် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကလေးမြို့ တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမသည် အကျယ် ၄၀ ပေကျော်သာရှိပြီး ယခုကဲ့သို့ လမ်းဘေးနှစ်ဖက် အကျယ် ၆ ပေစီ တိုးချဲ့ခြင်းအားဖြင့် ယာဉ်ကြီးယာဉ်ငယ်သွားလာမှုနှင့် ပြည်သူများသွားလာမှု ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

GUSTO
Institute of Information Technology

နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာဘွဲ့လက်မှတ် ရရှိရုံ သာမက
ITကုမ္ပဏီကြီးများတွင် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်မည့်



HND Diploma in Computing (UK)

- အင်္ဂလန်နိုင်ငံ၏ QCF Level - 5 အဆင့်ရှိ HND Diploma ကို ရန်ကုန်မြို့ရှိ GUSTO - Institute of IT တွင်စာသင်ကာလ (၂)နှစ် တက်ရောက်ပြီး ရယူနိုင်ပါပြီ၊
- GUSTO မှ HND ရရှိပြီးပါက ပြည်တွင်းပြည်ပ ITကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိမည် ဖြစ်သည်၊
- B.Sc.(Hons:) Computing ဘွဲ့ကိုဆက်လက်သင်ယူလိုပါက အင်္ဂလန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးများဖြစ်သော University of the West of England, Tesside University, University of Huddersfield အစရှိသည့် နိုင်ငံတကာ တက္ကသိုလ်ပေါင်း(၂၀၀)ကျော်၏ နောက်ဆုံးနှစ်ကို တိုက်ရိုက် တက်ရောက်နိုင်ပါသည်၊
- နောက်ဆုံးနှစ်ကို ပြည်တွင်း၌ တက်ရောက်လိုပါက GUSTO - Institute of IT ၌ပင် ဘွဲ့ရသည်ထိ တက်ရောက်နိုင်ပါသည်၊

#289 (A), Pyay Road, Sanchaung Yangon.
09 - 86 288 06, 09 - 4500 56 104

Enroll Now!

University of the West of England | Teesside University | University of Huddersfield | uclan

## ဘိုကလေးမြို့နယ်၊ ကံ့ကော်တစ်ထောင် ပေချောင်းကြီးကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းတွင် တိုးချဲ့ဆောင်သစ် ဆောက်လုပ်

**ဘိုကလေး၊ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကံ့ကော်တစ်ထောင် ပေချောင်းကြီးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၏ တိုးချဲ့ဆောင်သစ်အား ပန္နက်တင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလျား ၁၂၀ ၊ အနံ ၃၀ ပေရှိ အဆိုပါတိုးချဲ့ဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းဇော်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ရွှေ၊ မလော့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းညွန့်ဦးနှင့် ကျောင်းအုပ်ဆရာကြီးဦးသန်းထွန်းတို့က တက်ရောက် ပန္နက်တင်ပေးခဲ့သည်။

"ကျွန်တော်တို့ ဒီကျောင်းဆောင်သစ်ကို ကျောင်းအကျိုးဆောင်တွေ၊ ကျောင်းသားမိဘတွေထည့်ဝင်ငွေနဲ့ ဆောက်လုပ်မှာပါ။ ဒီနှစ်မှာ ပေချောင်း အလယ်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဖြစ် အဆင့်မြှင့်တင်ပေးဖို့ ပညာရေးဌာနကို လျှောက်ထားပါတယ်။ ခွင့်ပြုပေးခဲ့ရင် အထက်တန်းကျောင်းအင်္ဂါရပ်နဲ့ ညီညွတ်အောင်လို့ တိုးချဲ့ဆောင်သစ်ကို အမြန်ဆောက်လုပ်တာပါ" ဟု ကျောင်းအကျိုးတော်ဆောင် ဦးကျော်လှိုင်က ပြောသည်။

ယခုအခါ ကံ့ကော်တစ်ထောင် ပေချောင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၁၂၀× ၃၀) ကျောင်းဆောင်နှစ်ဆောင်၊ ( ၄၅×၂၆) ပေ နှစ်ဆောင်၊ (၄၀×၃၀)ပေ တစ်ဆောင်နှင့် (၃၀×၃၂)ပေ တစ်ဆောင် ဆောက်လုပ်ထားရှိပြီး သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ကျော်ပညာသင်ကြားနေကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရမည်းသင်းမြို့ မြို့မဈေးတွင် CCTV ကင်မရာများတပ်ဆင်၍ ဈေးလုံခြုံရေးတိုးမြှင့်ဆောင်ရွက်

**ရမည်းသင်း၊ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၊ မြို့မဈေးတွင် လုံခြုံမှုအထောက်အကူပြုစေရန်အတွက် အဓိကကျသော နေရာများတွင် CCTV (လုံခြုံရေးကင်မရာ)များ တပ်ဆင်ထားကြောင်း သိရသည်။

လုံခြုံရေးကင်မရာများ တပ်ဆင်ရာတွင် မြို့မဈေးသူ၊ ဈေးသားများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဈေးပရဝဏ်၊ ဈေးဝင်ပေါက်၊ ထွက်ပေါက်များနှင့်အဓိကကျသော နေရာများတွင် CCTV (လုံခြုံရေးကင်မရာ) ရှစ်လုံးကို ဦးစားပေးတပ်ဆင်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့၊ မြို့မဈေးတွင် လုံခြုံရေးကောင်းမွန်စေရန်၊ ဈေးအတွင်း ဒုစရိုက်လုပ်လိုသူများ အဟန့်အတားဖြစ်စေရန်၊ ဈေးသူ၊ ဈေးသားများ၏ ပစ္စည်းများအတွက် လုံခြုံမှုအထောက်အပံ့ရရှိစေရန် မြို့မဈေးအတွင်းတွင် CCTV များတပ်ဆင်ခြင်းဖြစ်ကြောင်းဈေးသူဈေးသားများက ပြောသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

## ဂါလန် ၁၀ သိန်းကျော်ဆံ့မည့် မြေသားမိုးရေလှောင်ကန် တူးဖော်နေမှု ကြည့်ရှုစစ်ဆေး

**မြင်းခြံ၊ နိုဝင်ဘာ ၃၀**



မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံသည်၊ မြင်းခြံမြို့နယ်၊ ရဲတိုင်ကျေးရွာတွင် တူးဖော်နေသော ဂါလန် ၁၀ သိန်းကျော်ဆံ့ မြေသားမိုးရေလှောင်ကန် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရဲတိုင်ကျေးရွာရှိ မြေသားမိုးရေလှောင်ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ရတနာရွှေလက်ကုမ္ပဏီမှ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ယင်းနေ့က ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး ဦးကံချွန်က မြေသားမိုးရေလှောင်ကန် တူးဖော်မှု အခြေအနေများကို တင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးဦးအောင်ဇံက လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

ယခုလို မြေသားမိုးရေလှောင်ကန် တူးဖော်ပေးတဲ့အတွက် မိုးရာသီတွင် ကျေးရွာအတွင်းသို့ ရေလွှမ်းမိုးမှုကို ကာကွယ်ပေးခြင်း၊ ကျေးရွာလူထုအတွက် သောက်သုံးရေကို လုံလောက်စွာ ရရှိစေခြင်းတို့ကြောင့် အထူးကျေးဇူးတင် ဝမ်းမြောက်ကြောင်း ရဲတိုင်ကျေးရွာသားတစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်သည် အညာဒေသမိုးခေါင်ရေရှား ရပ်ဝန်းဖြစ်သောကြောင့် နိုင်ငံတော်အစိုးရမှ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စေရန်နှင့် ရေပြတ်လပ်မှုမဖြစ်စေရန်အတွက် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေလှောင်ကန်များ တူးဖော်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ဦးဇော်မင်းနိုင်(မြင်းခြံ)**



တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ကျော်ခိုင်မှ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များဖြင့် အုတ်ကွင်းများသို့ သွားရောက်၍ သက်ငယ်မုဒိမ်းမှုအပါအဝင် မှုခင်းများလျော့နည်းပပျောက်ရေးအတွက် ပညာပေးဟောပြောပွဲပြုလုပ်ကြောင်း သိရသည်။ (ကြေးမုံ)

## တရုတ်အဖွဲ့ ပူတာအိုသို့လာရောက်စဉ် ကဏ္ဍလေးခုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**ပူတာအို၊ နိုဝင်ဘာ ၃၀**

တရုတ်ကွန်မြူနစ်ပါတီ နူကျန်းပြည်နယ်ခွဲကော်မတီ အတွင်းရေးမှူးချုပ်နှင့် အဖွဲ့သည် ပူတာအိုခရိုင်သို့ လာရောက်လည်ပတ်စဉ် နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံကာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နူကျန်းပြည်နယ်ခွဲနှင့် ပူတာအိုခရိုင် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေး၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်ကွန်မြူနစ်ပါတီ နူကျန်းပြည်နယ်ခွဲကော်မတီအတွင်းရေးမှူးချုပ် မစ္စတာထွန်ဇီယွန်ခေါင်းဆောင်သော အဖွဲ့ဝင် ၂၀ ဦးသည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်သို့ နိုဝင်ဘာ ၂၆ ရက် မွန်းအလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရွှေမြန်မာလေကြောင်းလိုင်းဖြင့် ပူတာအိုလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်းသိရသည်။

အဆိုပါအဖွဲ့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလီပေါင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရဝမ်၊ လီဆူ၊ ဂျိန်းဖော၊ ခန္တီး ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က ကြိုဆိုကာ လေဆိပ်ရှင်းလင်းဆောင်၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

နူကျန်းပြည်နယ်ခွဲကော်မတီ အတွင်းရေးမှူးချုပ်နှင့်အဖွဲ့သည် မချမ်းဘောမြို့နယ်ရှိ မချမ်းဘောကြိုးတံတားနှင့် သဘာဝ ရှုခင်းများ၊ ဂူဘားရိပ်သာ၊ ကျောက်နဂါးနှင့် ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာရှိ မူလာရှီးဒီဂျစ်ကားကူး တံတားနှင့် မူလာချောင်းသဘာဝအလှများကို ကြည့်ရှုလေ့လာကြပြီး ညနေ ၆ နာရီတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြသည်။

အတွင်းရေးမှူးချုပ်နှင့် အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်တွင် မြန်မာ့လေကြောင်းဖြင့် မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

**ခရိုင်ပြန်/ဆက်**

စာရေးသူ၏ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ်မှ
အတွေ့အကြုံများကို ရေးဖွဲ့ထားသော
မဇ္ဈိမပုံရိပ်လွှာ
မနှင်းဖွေး
ထွန်းဖောင်ဒေးရှင်းစာပေဆုရ
ဟံသာဝတီ(ပဲခူး) တစ်ခွင်မှ
သမိုင်းဝင်လေ့လာစရာများ
ဖြန့်ချိရာဌာန / မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)
ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ
အမှတ် ၂၃/၂၄၊ ဗဟိုစည်ရိပ်သာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၉ ၇၃၁၀ ၄၄၈၇

မန်းသူရိယစန္ဒာ ခရီးသွားကုမ္ပဏီ
ခရီးစဉ်ရက် – ဒီဇင်ဘာ ၂၅ မှ ၂၈ ရက် နေ့အထိ
ဖန်ကောက် ၃ ည ၄ ရက်ခရီးစဉ်
တစ်ဦးလျှင် ဒေါ်လာ ၅၀၀
လူဦးရေ ၃ဦးနှင့်အထက် လိုက်ပါသူများအတွက်
Discount များခံစားခွင့် ပေးပါမည်။
Hot Line
09 43132193, 09 43145879
No(531), Thu Meiktar 14 Street, North Okklapa, 1 Ward, Yangon, Myanmar

ပျိုမေတို့ကစ်တွေ
အသားအရေဝါဝါဝင်း နဂိုရည်ထက် စိုပြည်ကာ
သွေးသားသန့်ရှင်းရောဂါကင်းစေဖို့
ကေဗွာမှ
နနွင်းလုံးကို အစဉ်သုံးပါ



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
1010YR001475
နနွင်းတွင်ပါဝင်သောအဝါရောင်ဖြည်ဓာတ်ပစ္စည်းဖြစ်သော (Curcumin)သည်လူတို့၏ ကျန်းမာရေးနှင့်ပတ်သက်၍အမျိုးအမျိုးအဖုံဖုံ အကျိုးပြုနေသောကြောင့်(အမျိုးသားများနှင့် ပီးငနေသည်များပါ သုံးနိုင်ပါသည်။)
ကေဗွာမြန်မာ့ဆေးထုတ်လုပ်ဖြန့်ချိရေး
ဗိုလ်ချုပ်ဈေး(အလယ်ထပ်)၊ အမှတ်(၂၈)၊ မြောက်ဘက်တန်း၊ ရန်ကုန်မြို့။
အမှတ်(၁၃၄)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်း၊ ရန်ကုန်မြို့။


အနှစ်သက်ဆုံး အစားအစာများ တာရှည်လတ်ဆတ်စေဖို့
Samsung အသင့်ရှိနေပါပြီ
Samsung Food Showcase RH9000
ယနေ့နဲ့ နောင်ကာလတိုင် သင့်ရဲ့ လူပ်ရှားနေထိုင်မှုတိုင်းကို တိုးတက်ကောင်းမွန်စေဖို့
ကျွန်ုပ်တို့၏ထုတ်ကုန်ပစ္စည်းများကို ပုံစံပြုဖန်တီးထားပါတယ်။
ပိုကောင်းမွန်သော ဘဝသို့ ညီတူလှမ်းတက်ကြပါစို့။
Discover how at www.facebook.com/SamsungMyanmar
SAMSUNG

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်တင်**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၂) လသာ**

**အသက် (၈၄)နှစ်**

အထက(၂) လသာ၊ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်တင်တင်သည် ၂၉-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ဆရာမကြီး**
**ဒေါက်တာဒေါ်သီတာကျော်နှင့်ဆရာမများ**
**အထက(၂) လသာ**

## တစ်လပြည့်ဆွမ်းကျွေးဖိတ်ကြားခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**

**ဗိုလ်ကြီးအေးချို(ငြိမ်း) အသက်(၆၀)**

**သူရဲကောင်းမှတ်တမ်းဝင်**

**ဒုညွှန်ကြားရေးမှူး (DWIR)၊ တေဇ (၄) ကဝမြို့**

ကွယ်လွန်သူ ဗိုလ်ကြီးအေးချို(ငြိမ်း)အား ရည်စူး၍ ၅-၁၂-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝင်း နေအိမ်တွင် တစ်လပြည့်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်ရှိခြင်း

**ဦးနိုင်မင်းဦး(ခ)ကိုနိုင်ဦး**

**အသက် (၅၂)နှစ်**

၂၆-၁၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသော ဦးနိုင်မင်းဦး(ခ) ကိုနိုင်ဦး၏ဈာပနကိစ္စအဝဝတွင် စောင့်ရှောက်ကူညီပေးကြပါသော မိတ်ဆွေအပေါင်းအသင်းများနှင့်တကွ မမာမကျန်းဖြစ်နေစဉ်ကာလအတွင်း ပြုစုစောင့်ရှောက်ပေးပါသော SSC အထူးကုဆေးရုံမှ ဆရာဝန်၊ ဆရာမများအားလုံးနှင့် ဈာပနအခမ်းအနားသို့ လွမ်းသူ့ပန်းခြင်းပေးပို့သူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း သတင်းမေးမြန်းကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီမဟာဇဒါဘီဘီ(ခ)ဒေါ်ဘိုမ**

**အသက် (၇၇)နှစ်**

FOCUS Consulting Group Ltd မှ Chairman ဒေါ်ညွန့်ညွန့်ရီ၏ မိခင်ဟာဂျီမဟာဇဒါဘီဘီ(ခ)ဒေါ်ဘိုမသည် ၂၇-၉-၂၀၁၄(ကြာသပတေးနေ့) ညနေ ၅း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**B.O.D အဖွဲ့ဝင်များ**
**NAING Group Holding Co., Ltd**

## ဦးယုံစန်း

**အသက်(၈၇)နှစ်**

**မအူပင်မြို့နယ်၊ချောင်းကြီးကျေးရွာ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၃)နေ ဦးမောင်စော-ဒေါ်ဖွားသင်တို့၏သား၊ ဒေါ်စိန်တင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်ကျော်)-ဒေါ်တင်တင်ဝင်း၊ ဦးကျင်စန်း-ဒေါ်မြဝင်း၊ (ဦးတင်ဝင်း)-ဒေါ်ခင်ပြုံး၊ ဦးစန်းအောင်-ဒေါ်သန့်သန့်မြင့်၊ ဦးစန်းမောင်-ဒေါ်မိမိ၊ ဦးခင်မောင်ကျော်-ဒေါ်သီတာမွန်၊ (ဦးတင်ထွန်းဝင်း)၊ ဦးချစ်စိန်-ဒေါ်ဝေနှင်းမွန်တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၉-၁၁-၂၀၁၄ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မိုးကုတ်မြို့နယ်အသင်း

**ဦးကျော်လှိုင်**

**အသက် (၇၁)နှစ်**

မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ ဦးလှဘော်-ဒေါ်မြင့်မြင့်ဝင်းတို့၏ အစ်ကို၊ ဒေါ်ခင်လှဝေ၏ခင်ပွန်းသည် ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၄ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

## ကိုတင်ရွှေ(ကားဘော်ဒီ)

**အသက် (၄၆)နှစ်**

**(သုံးခွ)**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၂)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် (၁၄)နေ ဦးလှရွှေ-ဒေါ်ညွန့်တို့၏ သားကြီး၊ ဦးအေဝမ်း-ဒေါ်အုံးစိန်တို့၏ သားသမက်၊ မချိုချိုစန်း၏ ခင်ပွန်း၊ မရတီရွှန်းလဲ့၊ မနေခြည်ရွှန်းလဲ့တို့၏ဖခင် ကိုတင်ရွှေသည် ၂၉-၁၁-၂၀၁၄(စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ဥက္ကံဝသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**သွေးသည်အသက်**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

**Mr. A.H Burke**

**အသက် (၉၂)နှစ်**

**လက်ထောက် တိုင်းစက်မှုအင်ဂျင်နီယာ(ငြိမ်း)၊ မီးရထား**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် (၂၉၇)၊ မင်းကြီးလမ်း၊ တောင်သူကုန်းရပ်ကွက်နေ Mr and Mrs. J.W Burke တို့၏ သား၊ ဦးဟင်နရီ-နော်ဂျော်နား၊ (ဦးကလစ်ဖတ်)-ဒေါ်ငယ်၊ ဒေါက်တာဌေးမြင့်-ဒေါ်ဂျက်နက်တို့၏ဖခင်၊ (Mrs. A.J Burke)၏ ခင်ပွန်း၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး Mr. A.H Burkeသည် ၃၀-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁-၁၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စိန့်ပီတာစိန်ပေါလ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မောင်အေး (၄၉)နှစ်

**CDC-၆၄၂၉၉**

**၁၉၈၂-၈၃၊အထက(၇)**

**မော်လမြိုင်ကျောင်းသားဟောင်း**

**B.Sc(Match)**

ရန်ကုန်မြို့၊ ဝဏ္ဏသိဒ္ဓိလမ်း၊ အမှတ် (၅၃၄/၅၃၅)နေ (ဦးဘအေး)-ဒေါ်အောင်စိန်တို့၏သားကြီး၊ ဦးဝင်းထိန်-ဒေါ်စန်းစန်းဦးတို့၏မောင်၊ ဦးချိုလေး-ဒေါ်စန်းစန်းအေး၊ ဗိုလ်ကြီးဇော်မင်းတပ်မတော်ရေ(ငြိမ်း)-ဒေါ်အေးအေးဝင်း၊ ဦးအောင်လှိုင်အေး(ခ)ညီညီ-ဒေါ်နီလာဝင်းတို့၏အစ်ကို၊ တူ/တူမရှစ်ယောက်တို့၏ ဦးလေးသည် ၃၀-၁၁-၂၀၁၄ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၄ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အာနိစ္စ**

## ရဟန်း ဒါယိကာမကြီး

**ဒေါ်ခင်ကြည်**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၆၈)၊ (၁၀၁)လမ်းနေ (ဦးကျော်ဇံ-ဒေါ်စောရီ)တို့၏ သမီး၊ (ဒေါ်လှတင်)၊ (ဦးလှမောင်)၊ (ဒေါ်သန်းကြည်)၊ (ဦးသာဒိုး)တို့၏ညီမ၊ (ဦးအုန်း)၊ ဒေါ်သန်းမြင့်တို့၏ အစ်မ၊ ဦးကျော်ကျော်ဒိုး၊ ဦးကျော်ရှိန်ဒိုး၊ ဒေါက်တာမိမိခင်၊ ဒေါ်ခင်သာယာ၊ ဒေါ်ဥမ္မာလှမောင်တို့၏ အဒေါ်သည် ၂၉-၁၁-၂၀၁၄(စနေနေ့) ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၁၁-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယကာကြီး

**ဦးစိုးမြင့်**

**အသက် (၆၈)နှစ်**

**(ဆေးသုတေသန-ငြိမ်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊အင်ကြင်းလမ်း၊အမှတ် (၅)၊ လေးလွှာ(က)နေ (ဦးချစ်-ဒေါ်လှတင်)တို့၏သားကြီး၊ (ဦးထွားခိုင်-ဒေါ်မေ)တို့၏ သားသမက်၊ (ဒေါ်တင်မေဦး)၏ခင်ပွန်း၊ (ဦးမျိုးချစ်)၊ ဒေါ်အေးအေးသန်းတို့၏အစ်ကိုကြီး၊ မောင်ဝင်းအောင်စိုးသူရ၊ မောင်သီဟစိုးသူရ-မခိုင်ဇာထွေး၊ မောင်မာန်အောင်-မမေထက်ထက်စိုးတို့၏ဖခင်ကြီး၊ ဝင့်နဒီအောင်၊ မခန့်ဝတီအောင်၊ မဝသုံထွေး၊ မောင်အောင်ပြည့်တို့၏ဘိုးဘိုးကြီး ဦးစိုးမြင့်သည် ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဦးသုမနစာရ**

**သိက္ခာတော် (၂၉)ဝါ၊ သက်တော် (၅၂)နှစ်**

**သီလဝါရွာဦးကျောင်း၊ ကျောင်းထိုင်ဆရာတော်**

**ကျမ်းကြီးပေါက်**

(ခမည်းတော် ဦးစံညွန့်-မယ်တော် ဒေါ်သိန်းညွန့်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ သီလဝါကျေးရွာ၊ သီလဝါရွာ ဦးကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဦးသုမနစာရသည် (နတ်တော်လဆန်း ၅ ရက်) ၂၆-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (နတ်တော်လပြည့်ကျော် ၄ ရက်) ၁၀-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပပူဇော်ပါမည်။

ဈာပနကျင်းပရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ဘီ(ဘီးလင်း)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ်(၃၃)၊ ဘယသုဒ္ဓိလမ်း၊ (ပ)ထပ်နေ (ဦးအုန်းရွှေ)၏ဇနီး၊ ဦးဝင်းဌေး-ဒေါ်ချိုချိုမာ၊ ဦးသိန်းဌေး၊ ဦးမင်းလွင်-ဒေါ်စန်းစန်းလွင်၊ ဦးအေးလွင်(ရိုးမဘဏ်-ရုံးချုပ်)-ဒေါ်ဌေးဌေးတင့်၊ ဦးအေးကိုတို့၏မွေးသမိခင်၊ မြေးခုနှစ်ယောက်တို့၏အဘွားသည် ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

## ဦးထွန်းတင်

**အသက် (၇၅)နှစ်**

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ မင်္ဂလာတောင်ချွန်းလမ်း၊ အမှတ် (၂၀၁)နေ (ဦးပူလွယ်ရွက်ခမ်း-ဒေါ်နန်းပွတ်း)တို့၏သား၊ (ဦးဝင်းဝေါ်-ဒေါ်ခမ်းလူ)၊ ဒေါ်မြခင်တို့၏ သားသမက်၊ ဒေါ်ကြင်ထွေး(အထက-၂ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်နန်းခမ်းဟွမ်၊ ဦးစိုင်းကိုကိုလေး-ဒေါ်နန်းလောဝ်ငင်း၊ ဦးစိုင်းခမ်းနွတ်-ဒေါ်နန်းမိုမိုသီတာ၊ နန်းလောဝ်ခမ်းလင်းတို့၏ဖခင်၊ ယိင်းသီရိစန္ဒာ၊ စိုင်းအောင်ဘုန်းမြတ်၊ စိုင်းပြည့်စုံဘုန်းမြတ်တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး

**ဒေါ်ရင်ပု**

**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ်(၂၀)၊ မြေညီ(ခေါင်းရင်း)နေ (ဦးကျင်ယုံ-ဒေါ်စိန်ထွေး)တို့၏သမီး၊ ဦးသန်းစိုး-ဒေါ်အေးအေးမွန်တို့၏ အစ်မကြီး၊ ဦးညွန့်ရွှေ၏ဇနီး၊ ဦးဘဝင်း-(ဒေါ်လှလှမွန်)၊ ဦးမြင့်နိုင်စိုး-ဒေါ်တင်တင်မွန်(လယ်/ပြ၊ အထက-၁၊ စမ်းချောင်း)၊ ဦးဝင်းမော်(ACM ဆောက်လုပ်ရေး)-ဒေါ်တင်တင်နွဲ့၊ ဦးထင်ကျော်သူ-ဒေါ်သင်းသင်းရွှေ(MD မြန်မာ့ပဟေမာန်ကုမ္ပဏီ)၊ဒေါ်မြင့်မြင့်သော်၊ (ဦးကျော်ကျော်ဝင်း)-ဒေါ်အိအိခင်(မြဝတီရုပ်မြင်သံကြား)တို့၏ မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ချိုကျော်ငြိမ်း

**အသက် (၆၁)နှစ်**

**B.Ed(Eng)**

**Diploma in French (U.F.L)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ်(၉၅)နေ (ဦးကျော်ငြိမ်း-ဒေါ်နွဲ့နွဲ့ရီ)တို့၏သမီး၊ (ဦးရောင်ရှိန်-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ဦးခင်ဇော်၏ဇနီး၊ ဒေါ်ဇာဝတ်ရည်-Dr.သက်နိုင်ဖြိုးတို့၏မိခင်၊ ဦးသောင်းကျော်ငြိမ်း-Cathy Nyein၊ ဦးအောင်ကျော်ငြိမ်း-ဒေါ်ခင်စုမြတ်၊ ဒေါ်ချို ချိုကျော်ငြိမ်း၊ Dr. ထွန်းကျော်ငြိမ်း-Dr. Susanne Praget Nyein၊ ဦးဘိုဘိုကျော် ငြိမ်း-ဒေါ်စုတို့၏ညီမ၊ ဒေါ်ယမင်းကျော်ငြိမ်း၏အစ်မ ဒေါ်ခိုင်ချိုကျော်ငြိမ်းသည် ၂၉-၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဝ

**အသက်(၇၀)**

**(B.Sc, RA, CPA)**

**လက်ထောက်အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေး(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ ပုသိမ်ညွန့် စံပြရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၁၀၀)၊ သုံးလွှာ(က)နေ (ဦးထွန်းငြိမ်း-ဒေါ်သန်းကြည်)တို့၏ ဒုတိယသား၊ ဦးမြအေး၏ညီ၊ ဦးမျိုးထွန်း-ဒေါ်မြမြသစ်၊ ဦးတင်မောင်ထွဋ်-ဒေါ်ကြည်ကြည်မြတို့၏အစ်ကို၊ (ဦးကွေ-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဒေါ်ခင်သန်းနွယ်(မန်နေဂျာ၊ ဘဏ္ဍာရေး-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ခင်ပွန်း၊ ကိုတင့်မျိုးအောင်၊ ကိုစည်သူအောင်-မအေးအေးအောင်၊ ကိုသက်ဖြိုးအောင်-မခိုင်ရွှေဝင်းတို့၏ဖခင်ကြီး၊ မောင်ပိုင်ဖြိုးဇေ၊ မအိမ့်ချမ်းမြေ့တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သတိပဋ္ဌာန်လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်လှိုင်

**အသက် (၇၁)နှစ်**

**(မိုးကုတ်)**

မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ (ဦးရေး-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထိန်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ (ဦးတင်လှ-ဒေါ်တင်စိန်)၊ (ဦးဝင်းမောင်)-ဒေါ်မြင့်မြင့်သန်းတို့၏ညီ၊ ဦးလှဘော်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးကျော်ညွန့်-ဒေါ်အုန်းအုန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်၊ ကမ္မဌာန်းလမ်း၊ အမှတ် (၇၁၄)၊ လေးလွှာ(A)နေ ကိုဖြိုးဝေ-မတင်နီလာမြင့်၊ Mr.Darren Cheng-မသီသီထွန်း၊ မထက်ထက်အောင်၊ မသဲစုအောင်တို့၏မွေးသဖခင်၊ မမိုးစက်သွန်း၏အဘိုး၊ ဒေါ်ခင်လှဝေ၏ ခင်ပွန်းသည် ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၄(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၇၁၄၊ ကမ္မဌာန်းလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။

၂။ အဆီနှင့် ဆီများလျှော့စားပါ။ (တိရစ္ဆာန်နှင့် အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)

၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ ပြောင်းများစားရန်။

၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။

၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။

၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များ စားရန်။

၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။

၈။ ဆားဖြင့် စိမ်ထားသော အစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။(ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)

၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။

၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သောလက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

**ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## သတိပေး နှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော်    နိုဝင်ဘာ    ၃၀

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူးကျင်းပ၍ အင်းဝဘဏ်လီမိတက်မှ အဓိက ကူညီပံ့ပိုးပေးသော Myanmar Golf Tour 2014 နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပါဝင်ကစားခဲ့သည်။**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်ပါဝင်ကစားစဉ်။ (မြဝတီ)

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မွန်းလွဲပိုင်းတွင် အဆိုပါ ဂေါက်ကလပ်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အင်းဝဘဏ်လီမိတက်ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစော၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဂေါက်သီးအားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက်လုံးတွင် အဓိက ကူညီပံ့ပိုးပေးခဲ့သော ကုမ္ပဏီများဖြစ်သည့် ရောဝတီဘဏ်၊ ယူနိုက်တက်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

**နေပြည်တော်    နိုဝင်ဘာ    ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံကို ဒီဇင်ဘာ ၂ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## အချိန်အခါမဲ့ မိုးရွာနိုင်

**နေပြည်တော်    နိုဝင်ဘာ    ၃၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်ဘက်မှ ရွေ့လျားလာသော အပူပိုင်းမုန်တိုင်း "စင်လာကူ" (SINLAKU)၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၇၂ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ယနေ့ မာတိကာ


**၂၀၁၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့**

စာမျက်နှာ - ၆

**တစ်သောင်းတန် ငွေစက္ကူအတု သိန်း ၉၀၀ ကျော် မွန်ပြည်နယ်၌ သိမ်းဆည်းရမိ**

စာမျက်နှာ - ၇


# ဘတ်စ်ကားများအတွက် ကွန်ကရစ်ကပ်တုံးများချပြီး သီးသန့်နေရာပေး စတင်စမ်းသပ်

**ရန်ကုန်    နိုဝင်ဘာ    ၃၀**

လူတန်းစားအလွှာပေါင်းစုံ အသုံးပြုလျက်ရှိသော မြို့တွင်းသွား ခရီးသည်တင် ဘတ်စ်ကားများအား သတ်မှတ်မျဉ်းဝါအတွင်းမှ မောင်းနှင်ကြရန် လွန်ခဲ့သောနိုဝင်ဘာလဆန်းပိုင်းက စည်းကမ်းများသတ်မှတ်ပေးခဲ့သော်လည်း စည်းကမ်းလိုက်နာမှုရာနှုန်းပြည့်မရှိခဲ့သဖြင့် မြို့တွင်းသွားယာဉ်ကြောကျပ်တည်းမှု သိသိသာသာလျော့နည်းသက်သာလာစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခရီးသည်သီးခြားဘတ်စ်ကား ယာဉ်လိုင်းတစ်လိုင်းသွားနိုင်အောင် ညာဘက်ယာဉ်ကြောကို နိုဝင်ဘာ ၂၉ ရက်က စပြီး ကွန်ကရစ်ကပ်တုံးများအား အနော်ရထာလမ်းတစ်လျှောက် ဗိုလ်တထောင်ဘုရားလမ်းမှ စ၍ ချထားမှုနှင့် ဆက်လက်ချထားမှုများကို တွေ့ရသည်။ **(ယာပုံ)**

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖









themirror.npt@gmail.com
www.facebook.com/themirrordaily
R/184

## မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဖျော်ဖြေပွဲကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ပညာရှင် Mr.YAMAMOTO YUNOSUKE (Conductor & Composer) ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ပူးပေါင်း၍ မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့် ဖျော်ဖြေပွဲကို Classical Music, Folk Songs နှင့် Cinema Musicတို့ဖြင့် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် ညနေ ၆း၃၀နာရီ၌ ဖျော်ဖြေတင်ဆက်ပေးမှာဖြစ်ပါသည်။ ယခုလို ထူးခြားသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့လာရောက် နားသောတဆင်ကြရန် ဖိတ်ခေါ် အပ်ပါသည်။

**အသေးစိတ်ကိုသိရှိလိုပါက ဂျပန်သံရုံး Tel:01-549644.5.6, Fax:01-549643 နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Tel:09-5006552, 01-534012, 01-527122, Ex:149သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | 4(Q)Laboratory Equipments/Local Purchase/ IRR/2014-2015 | Laboratory Equipments (4)Items |

၂။ အဆိုပါအိတ်ဖွင့်တင်ဒါကို ၁၉-၁၂-၂၀၁၄ ရက်(သောကြာနေ့) ၁၆း၀၀ နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်ရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MARINE RELIANCE V.6 သင်္ဘောသည် ၃-၁၂-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ လဂွန်းပြင် ရေပေးဝေရေးလုပ်ငန်းတွင် အသုံးပြုမည့် စက်နှင့်ဆက်စပ်ပစ္စည်းများကို အောက်ပါအတိုင်း ဌာနသတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Pump/Motor With Valves, Fittings & all Accessories+Main Panel, Starter Panel & Accessories | 6 Sets |
| (၂) | Sump Pumps With all accessories + Main Panel, Starter Panel & Accessories | 4 Sets |
| (၃) | Pump/Motor With Valves, Fittings & all Accessories+Main Panel, Starter Panel & Accessories | 6 Sets |
| (၄) | Air Blower With Valves, Fittings & all Accessories+Main Panel, Starter Panel & Accessories | 4 Sets |
| (၅) | Transformer (6.6/0.4KV,50Hz) | 2 Unit |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၁-၁၂-၂၀၁၄ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် -၃၈၈၇၃၂၊ ၀၉-၂၅၀၂၈၃၈၁၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်-၂၇၆/ဘီ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ (၃)ထပ်မှ (ဘီ)ဘက်ခြမ်း၊ ဧရိယာ ၁၀၀၀ စတုရန်းပေ အကျယ်အဝန်းရှိ ရေ/မီးအပြည့်အစုံပါ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေက ၅-၁၁-၂၀၁၁ရက်တွင် ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂]ထံမှ စရန်ငွေတချို့တစ်ဝက်ပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။

၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များနှင့်တကွ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်ဌေး (စဉ်-၅၂၀၅)**
**LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၅(ပထမထပ်)၊ ကွက်သစ်လမ်း၊ ကျိုက်ဝိုင်းကွက်၊ (ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၂၉၆၃၊ ၀၉-၉၇၈၀၁၁၃၈၀**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၏ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း ၉-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၉း၀၀ နာရီ
ဘွဲ့နှင်းသဘင် ၁၀-၁-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၀၀ နာရီ

၂။ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

(က) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ(၁၂/၂၀၁၁)သင်တန်းစာမေးပွဲ အောင်မြင်သူများ။
(ခ) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ(၅/၂၀၁၂)ပုံမှန်သင်တန်းနှင့် (၅/၂၀၁၂) နောက်ဆက်တွဲ စာမေးပွဲအောင်မြင်သူများ။
(ဂ) အထွေထွေသွားရောဂါကု ဒီပလိုမာ (၁၂/၂၀၁၂)သင်တန်း နောက်ဆက်တွဲ စာမေးပွဲနှင့် အထွေထွေသွားရောဂါကု ဒီပလိုမာ(၁/၂၀၁၄)သင်တန်း စာမေးပွဲအောင်မြင်သူများ။
(ဃ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၂)သင်တန်း ထပ်ကျော့စာမေးပွဲအောင်မြင်သူများနှင့် နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၂၀၁၃) သင်တန်း ပုံမှန်စာမေးပွဲ အောင်မြင်သူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက် -၁၅၀၀၀/-(ကျပ်တစ်သောင့်ငါးရာ)
အဝေးရောက် -၁၀၀၀၀/-(ကျပ်တစ်သောင်တိတိ)

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဘွဲ့လွှန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ($1\frac{1}{2} \times 2$)လက်မအရွယ် ကာလာဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် ၈-၁၂-၂၀၁၄ရက်မှ ၂၆-၁၂-၂၀၁၄ရက်အထိ တင်သွင်းကြရမည်။

၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ် မော်ကွန်းထိန်း၊ ဘွဲ့နှင်းသဘင်နှင့် ဘွဲ့လွန်ဌာနစိတ်(ဖုန်း-၅၇၁၂၇၁၊ ၅၇၁၂၇၃၊ ၅၆၄၆၃၀)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(မျိုးဝင်း)**
**လက်ထောက်မော်ကွန်းထိန်း**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်**
**ရန်ကုန်**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်တွင် အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/တပ်ဆင်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Aircon နှင့် Sound System | (၁၂) လုံး |
| ၂။ | ပရိဘောဂ(ခုတင်၊ စားပွဲ၊ ကုလားထိုင်၊ ဗီရို) အိပ်ဆောင် (၃)ဆောင် | (၆၇၂) လုံး |
| ၃။ | e-Student Management System အတွက် Software ရေးဆွဲခြင်း | (၁) ခု |
| ၄။ | ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ | (၁) စုံ |

၂။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များသည် တင်ဒါ အဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၈-၁၁-၂၀၁၄ ရက်မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ Website ဖြစ်သော www. uvsyezin. edu.mm တွင် ဖတ်ရှုရယူနိုင်ပြီး ၂၉-၁၂-၂၀၁၄ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဤရုံးသို့ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇- ၄၁၆၅၂၅၊ ၄၁၆၅၃၀၊ ၄၁၆၆၅၈**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဘော်လခဲ-ဖားဆောင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းအတွက် လိုအပ်သော (၁၂)မီတာ ကွန်ကရစ် ကျောက်တိုင် (၁၂၆၀) လုံးနှင့် (၁၅) မီတာ ကွန်ကရစ်ကျောက်တိုင် (၁၆၀)လုံးတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၁၁-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၁၂-၁၂-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၈၂**

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်-၁၈၁/၁၈၇၊ ပန်းဆိုးတန်းလမ်း၊ (၄)ခန်းတွဲ၊ (၁၂)ထပ်မှ (၄)ထပ်(A)ဘက်ခြမ်း၊ ဧရိယာ ပေ(၂၅×၆၀)ခန့် အကျယ်အဝန်းရှိ ရေ၊ မီးအပြည့်အစုံပါ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက ၅-၁၁-၂၀၁၁ရက်တွင် ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂]ထံမှ အပြီးအပိုင်ဝယ်ယူ၍ ငွေအပြီးပေးချေပြီးဖြစ်ပါသည်။

၎င်းတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို တစ်နည်းနည်းဖြင့်ကျူးကျော်ဝင်ရောက်ခြင်း ဥပဒေအရ ရယူပိုင်ခွင့်အကျိုးခံစားပိုင်ခွင့် လုံးဝမရှိပါကြောင်း အတိအလင်းသတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်တင်တင်ဌေး(စဉ်-၅၂၀၅) LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၅၊ (ပထမထပ်)၊ ကွက်သစ်လမ်း၊ ကျိုက်ဝိုင်းကွက်၊ (ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၄၂၉၆၃၊ ၀၉-၉၇၈၀၁၁၃၈၀**

## ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဝေးဆက်သွယ်ရေးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက် အဝေးဆက်သွယ်ရေးစခန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် DWDM & STM-4 ဖိုင်ဘာဆက်ကြောင်းများ (14Nodes) နှင့် GbE IP (88Hops) မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ၌ စက်ပစ္စည်းများပို့ဆောင်တပ်ဆင်ခြင်းလုပ်ငန်းများအား ဆက်ကြောင်းဖွင့်လှစ်အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ပေးရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် ဖိုင်ဘာ/မိုက္ကရို Transmission လုပ်ငန်းအတွေ့အကြုံရှိသော နိုင်ငံသားပိုင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) DWDM ဖိုင်ဘာဆက်ကြောင်း(12Noes) နှင့် STM -4ဖိုင်ဘာဆက်ကြောင်း (2Nodes)
(၂) (2+0)GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း (42Hops)
(၃) (2+0)GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း (46Hops)

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ၄-၁၂-၂၀၁၄ရက်အထိ တင်ဒါပုံစံ ( Form) ရောင်းချမည်ဖြစ်ပြီး ၁၈-၁၂-၂၀၁၄ ရက် ၁၆း၀၀ နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာန**
**အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၇၀၇၂၇၊ Fax No:၀၁-၃၇၀၄၅၄**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တံတားအသုံးပြုခကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော ဆင်ဖြူရှင်တံတား၏ ၂၇-၁၂-၂၀၁၄ရက်မှ ၂၆-၁၂-၂၀၁၇ရက်ထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
ဆင်ဖြူရှင်တံတား
(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
မန်နေဂျာ (သွာလာရေး/တိုင်း)ရုံး၊ အမှတ်(၁၀)တိုင်း၊ ပခုက္ကူ
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်
၁၅-၁၂-၂၀၁၄ ရက်၊ ၆း၀၀ နာရီမှ ၈း၀၀ နာရီထိ
(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အစည်းအဝေးခန်းမ၊ အမှတ်(၁၀)တိုင်း၊ ပခုက္ကူ
(င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်
၁၅-၁၂-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ
(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အစည်းအဝေးခန်းမ၊ အမှတ်(၁၀)တိုင်း၊ ပခုက္ကူ

မှတ်ချက်။ (၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၁၀၀၀၀) ကျပ်နှုန်းဖြင့် ၈-၁၂-၂၀၁၄ ရက်မှ ၁၂-၁၂-၂၀၁၄ ရက် ၁၂း၃၀ နာရီအထိ မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၁၀)တိုင်း၊ ပခုက္ကူတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၂-၂၂၅၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No.27/DHPI/Cement/2014-2015.**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေများအား သက်ဆိုင်ရာစီမံကိန်းအရောက်ဈေးနှုန်း (D.D.P-at Site) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၉-၁၂-၂၀၁၄ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။ တင်ဒါဝယ်ယူသည့်အခါ ဘိလပ်မြေအရည်အသွေးများအား ကြိုတင်စစ်ဆေးရန်အတွက် နမူနာ(၁၀)အိတ် ပေးသွင်းထားရမည်။

၃။ အရည်အသွေးနှင့် နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**


## YLCC Language Center

- ကိုရီးယားနိုင်ငံသို့ အလုပ်သွားလုပ်လိုသူများအတွက် EPS အထူးသင်တန်း၊ Korean (4-Skills)
- Chinese 4-Skills, HSK သံရုံးစာမေးပွဲ
- English 4-Skills, IELTS, TOEFL
- Japanes 4-Skills, JLPT, NET TEST
- Myanmar Language for Foreigner
- နယ်မှလာသူများ အဆောင်ရှိပါသည်။

EPS တန်းခွဲသစ် December စမည်

အမှတ်(၂/၇)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းမီးပွိုင့်အနီး၊ လှည်းတန်း Center ရှေ့၊ Ph : 09 73219896, 09 73087241

# ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးမြို့နေ ဒေါက်တာရန်လင်းမြင့် (ကလေးအထူးကု)-ဒေါ်သင်းသင်းထိုက်
တို့၏ တစ်ဦးတည်းသောသား

**ဒေါက်တာဆုလင်းမောင် M.B.,B.S (MGY)**

**နှင့်**

ရန်ကုန်မြို့၊ ပြည်လမ်း၊ ၁၀-မိုင်နေ ဦးဝင်းဌေး(ဒု-လဝကမှူး-ငြိမ်း) (Sanfrancisco Motel Bago, Yangon)-ဒေါ်ကြည်ကြည်ဝင်း(Japanese, English Licensed Tour Guide)(Thudamar Motel Yangon)
တို့၏ တစ်ဦးတည်းသောသမီး

**သုန်သုန်(ခ)မစုမြတ်စန္ဒီ B.C.Sc Third Computer (UCSY)**

တို့သည် ၃၀-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် **Golden Duck Restaurant (8-Mile)**တွင် နှစ်ဖက်သော လူကြီးမိဘ ဆွေမျိုးမိတ်သင်္ဂဟများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဆုလင်းမောင်-သုန်သုန်(ခ)မစုမြတ်စန္ဒီ**

# ရက်(၁၀၀)ပြည့်မွေးနေ့ဆုတောင်း

ချစ်သမီးလေး **အမရာမော်(ခ)ကူကူး**၏ ၁-၁၂-၂၀၁၄ ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့်မွေးနေ့မှသည် အသက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိမ္မာရေးခြားရှိသော သမီးကောင်းရတနာလေးဖြစ်ပါစေရန် ဆုမွန်ကောင်းတောင်းလျက်-

| | |
|---|---|
| **ဘွားဘွားကြီး** | - **ဒေါ်သန်းဆွေ** |
| **ဘွားဘွား** | - **ဒေါ်ခိုင်မြတ်ကြဲ** |
| **အန်းမ** | - **ဒေါ်ခင်စန်းလွင်** |
| **ပါပါး-မာမား** | - **ဦးပြည့်ဖြိုးမော်-ဒေါ်သဥ္ဇာနီနီ** |
| **ဦးဦးကြီး** | - **ဦးဝေလင်းမော်** |
| **အန်ကယ်-အန်တီ** | - **Mr.Giang -ဒေါ်ဟန်သီနီနီ** |
| **ဦးဦး-တီတီလေး** | - **ဦးအောင်မျိုးခန့်-ဒေါ်ဆုပြည့်မော်** |

**ဖခင် အမည်မှန်** မြစ်ကြီးနားမြို့၊ အထက(၁)ဆဋ္ဌမတန်း(D) မှ မောင်အခီးဒွေ့၏ဖခင်အမည်မှန်မှာ ဦးဆာရဲဖူ ဖြစ်ပါသည်။

**မွေးသက္ကရာဇ် အမှန်** ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၊ အိမ်အမှတ်(၂)နေ ဦး KHAN JOE ၏သား မောင်နေလင်းထွန်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၉-၁၉၉၉ ဖြစ်ပါသည်။

**အမည်ပြောင်း** ဦးကရိုင်လဂျာ၏သမီး မြစ်ကြီးနားမြို့၊ အထက(၅) နဝမတန်း ($F_7$) မှမနန်းမွန်းမိုင်၏ အမည်မှန်မှာ မဆိုင်းမွန်းမိုင်ဖြစ်ပါသည်။


## WISE College ရှိ နိုင်ငံတကာအသိမှတ်ပြု ABE (UK) မှ တိုက်ရိုက်ချီးမြှင့်သော Business Management Diploma Dec 2014 သင်တန်းများအတွက်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အဆင့်အတန်းမြင့်မားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလိုသူများ၊ ရာထူးကောင်း လစာကောင်း ရရှိလိုသူများ Business Management ဆိုင်ရာနိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ပိုင်ဆိုင်လိုသူများ လေ့လာတက်ရောက်သင့်သည့် ABE (UK) Diploma သင်တန်းများကို WISE College တွင် တက်ရောက်နိုင်ပါသည်။

ကျောင်းသား/သူတိုင်း 8 သိန်း 4 သောင်း သက်သာခွင့်ရရှိပါမည်။

1. Business Management Higher Diploma
   Higher Diploma (Part-1)
   Higher Diploma (Part-2)

(တက္ကသိုလ်တက်ရောက်နေဆဲကျောင်းသား/သူများ (သို့) Level-4 Diploma ရရှိပြီးသူများတက်ရောက်နိုင်)

Enroll 1 Get 3 Diplomas (အထူး အခွင့်အရေးတစ်ရပ် အနေဖြင့် အစိုးရအသိအမှတ်ပြု Business Management Diploma (၂) ခုကိုလည်း သင်တန်းကြေး 100% off ဖြင့် ၁နှစ်အတွင်း သင်ကြားရယူနိုင်ပါသည်။)

2. Business Management Graduate Diploma

(ဘွဲ့တစ်ခုခုရရှိပြီး၊လုပ်ငန်းအတွေ့အကြုံရှိသူများ (သို့) Level-5 Diploma ရရှိပြီးသူများတက်ရောက်နိုင်)

၄င်းDiploma များအောင်မြင်ပြီးပါက နိုင်ငံတကာကောလိပ်/တက္ကသိုလ် (UK,Australia, etc....) ၁၂၀ ကျော်တွင် ဒုတိယနှစ်(သို့)BA Final Year(သို့) MBA 1st Year သို့တိုက်ရိုက်တက်ရောက်နိုင်ပါသည်။

WISE College (1009 A/B) ၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ် တွင် 15 Dec 2014 နောက်ဆုံးထား၍ အပ်နှံနိုင်ပါသည်။ ဖုန်း -01 556183 ၊ 09-255723388 ၊ 09-421154862



TIPTOP CAPACITY DEVELOPMENT INSTITUTE OF MYANMAR

## "အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးမှုသင်တန်း"

- အိမ်ခြံမြေပိုင်ဆိုင်မှု စစ်ဆေးခြင်း၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း။
- GP / SP / နိုတြီ အကြောင်း သိကောင်းစရာ။
- အိမ်ခြံမြေ (ဘဏ်ချေးငွေ၊ အာမခံထားခြင်း) ဆိုင်ရာ ကိစ္စရပ်များ။
- အိမ်ခြံမြေ ဈေးကွက် ရှာဖွေမှုနှင့် စီမံခန့်ခွဲမှု။
- အိမ်ခြံမြေ လုပ်ငန်းရှင်တို့ သိသင့်သမျှ ဥပဒေ။

၆-၁၂-၂၀၁၄ မှ ၂၈-၁၂-၂၀၁၄ (စနေ၊တနင်္ဂနွေ) နံနက် (၉း၀၀-၁၂း၀၀) နာရီ

## "အဆင့်မြင့် အိမ်၊ခြံ၊မြေ အကျိုးဆောင်သင်တန်း"

- အိမ်ခြံမြေနှင့် ပတ်သက်သည့် စာချုပ်အမျိုးမျိုး။
  (ရောင်း/ဝယ်/ငှား/စရန်ပေး/လွှဲပြောင်း/ပေးကမ်း/ကျမ်းကျိန်)
- အိမ်ခြံမြေ အမည်ပြောင်းခြင်း၊ ဂရန်သစ်ထုတ်ခြင်း၊ စည်ပင်ရုံးဆိုင်ရာ လုပ်ငန်းစဉ်များ။
- ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းလုပ်ငန်းစဉ်များ။
- အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စီရင်ထုံး ဆုံးဖြတ်ချက်များ။
- အိမ်ခြံမြေ အကျိုးဆောင် ကုမ္ပဏီ၊ အစုစပ် ကုမ္ပဏီ တည်ထောင်ခြင်း ပဟုသုတများ။

၆-၁၂-၂၀၁၄ မှ ၂၈-၁၂-၂၀၁၄ (စနေ၊တနင်္ဂနွေ) နေ့လည်(၁၂း၃၀-၃း၃၀) နာရီ

အမှတ် (၁၃၃)၊ ဒုတိယထပ်၊ လမ်း (၃၀)အလယ်လမ်း။ ၀၁-၂၅၄၈၈၉၊ ၀၉-၇၃၀ ၅၀ ၃၇၀၊



# EVER UP abe college

ပထမဦးဆုံးဘာသာစုံဂုဏ်ထူးရှင်နှင့် ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များ မွေးထုတ်ပေးထားသော
abe-UK အသိအမှတ်ပြု College

abe accredited college

## "အောင်မြင်ပါစေကြောင်းဆုမွန်ကောင်းတောင်းခြင်း"

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ (၅) ရက်နေ့အထိ ကျင်းပပြုလုပ်မည့် အင်္ဂလန်နိုင်ငံအခြေစိုက် Association of Business Executives (abe-UK) မှ ကြီးမှူးကျင်းပသော နိုင်ငံတကာအသိအမှတ်ပြု Diploma စာမေးပွဲများကို နိုင်ငံတကာနှင့်ယှဉ်၍ ဝင်ရောက်ဖြေဆိုမည့် မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများအားလုံး ထူးချွန်စွာဖြေဆိုအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

EVER UP abe college မှ ဆရာ၊ ဆရာမများ နှင့် Management Team

**UK Qualifications:**
Diploma / Higher Diploma / Graduate Diploma in
- Business Management
- Human Resource Management
- Financial Management
- Marketing Management
- Travel, Tourism & Hospitality Management




ကျောင်းအပ်လက်ခံနေပြီ။ အတန်းသစ်များ ၂၀၁၄ ဒီဇင်ဘာလတွင် စမည်။
မှတ်ချက် - ၉.၁၂.၂၀၁၄ မှ ၁၃.၁၂.၂၀၁၄ နေ့ထိရုံးပိတ်ပါသည်။

နိုင်ငံတကာအသိအမှတ်ပြုဖြစ်တယ် ... ပညာရေးအဆင့်မြင့်မယ် ... ရာထူးလည်းမြင့်တယ် ... လစာလည်းကောင်းမယ် ...
UK Management Diploma ဆိုရင် ... abe ကို ရွေးမယ်... EVER UP မှာ တက်တယ် ...

Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon, Myanmar.

01-256523
09 731 75137
09 8630849